SAMPLE BOOK




# နယ်ခြားတောင်ဘက် နေမင်းအနောက်ဘက်

မိုးသက်ဟန်

# South of the Border, West of the Sun

Haruki Murakami

mgyoe.com




mgyoe.com
SAMPLE BOOK

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - နိုဝင်ဘာလ ၊ ၂၀၁၅ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၅၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက်(၀၀၄၁၁)
အမှတ်(၁၄၇)၊ (၅၁)လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော် - အံ့ဘွယ်ဇင်
တန်ဖိုး - ၇၅၀၀ ကျပ်

၈၉၅-၈၃
နယ်ခြား တောင်ဘက်နေမင်း အနောက်ဘက်/ မိုးသက်ဟန်-ရန်ကုန်
ကံ့ကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်။
စာမျက်နှာ - ၂၄၈၊ ၁၃x၂၀ စင်တီမီတာ။
(၁)နယ်ခြား တောင်ဘက်၊ နေမင်း အနောက်ဘက်

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၁ )

ကျွန်တော့် မွေးနေ့က ၁၉၅၁ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်။ ၂၀ ရာစု ဒုတိယပိုင်းရဲ့ ပထမဆုံးနှစ်၊ ပထမဆုံးလ၊ ပထမဆုံး ရက်သတ္တပတ်။ အဲဒါကိုပဲ အထိမ်းအမှတ်အနေနဲ့ ကျွန်တော့်မိဘတွေက ကျွန်တော့်ကို 'ဟာဂျိမီ'၊ ဂျပန်စကားမှာ 'အစပြုခြင်း' ဆိုပြီး နာမည်ပေးခဲ့တာ ဖြစ်ပါလိမ့်မယ်။ တခြား သာမန်ကလေးတွေနဲ့နာမည်ပေးပုံချင်းက တော်တော်လေး ကွာပါတယ်။ ကျွန်တော့်အဖေက စတော့ရှယ်ယာပွဲစား ကုမ္ပဏီကြီးတစ်ခုမှာ အလုပ် လုပ်တယ်။ ကျွန်တော့်အမေကတော့ သာမန် သမားရိုးကျ အိမ်ရှင်မတစ်ယောက်ပါပဲ။ စစ်ကြီးဖြစ်တုန်းက ကျွန်တော့်အဖေဟာ ကျောင်းသားတစ်ယောက်အနေနဲ့ စစ်ထဲ အခေါ်ခံရပြီး စင်ကာပူမှာ တိုက်ပွဲဝင်ခဲ့ရတယ်။ ဂျပန်တွေ လက်နက် ချပြီးတဲ့နောက် သူဟာ စစ်သုံ့ပန်းအကျဉ်းစခန်းမှာ နေခဲ့ရသေးတယ်။ ကျွန်တော့် အမေရဲ့ အိမ်ဟာ ၁၉၄၅ မှာ ဘီ-၂၉ တိုက်ခိုက်မှုနဲ့ မီးလောင် ပျက်စီးခဲ့တယ်။ သူတို့မျိုးဆက်ဟာ ရှည်လျားလှတဲ့ စစ်ရဲ့ ဆိုးကျိုးတွေကို ခံစားခဲ့ရပါတယ်။

mgyoe.com

mgyoe.com  SAMPLE BOOK 

ကျွန်တော့်ကို မွေးတဲ့ အချိန်မှာတော့ ကျွန်တော်တို့ မျိုးဆက်ဟာ စစ်ဆိုတာကို ဘယ်လိုမှ မသိကြတော့ပါဘူး။ မီးလောင် ပျက်စီးယိုယွင်းမှုတွေ၊ စစ်တပ်က သိမ်းပိုက်တာတွေ ဘာဆို ဘာမှ မသိတော့ဘူး။ ကျွန်တော်တို့ဟာ ကျွန်တော့်အဖေ ကုမ္ပဏီက ပေးတဲ့ သေးငယ် တိတ်ဆိတ်တဲ့ မြို့လေးထဲက အိမ်တစ်အိမ်မှာ နေကြပါတယ်။ ဒီအိမ်ဟာ စစ်ကြိုခေတ်က ဆောက်ခဲ့တာမို့လို့ အိုနေပေမယ့် တော်တော်ကျယ်ပါတယ်။ ခြံထဲမှာ ထင်းရှူးပင်တွေ ရှိတယ်။ ကျွန်တော်တို့ ခြံထဲမှာ ရေကန်သေးသေးလေး တစ်ကန်နဲ့ ကျောက်တုံးမီးတိုင်တွေတောင် ရှိသေးတယ်။

ကျွန်တော် နေတဲ့ မြို့ဟာ သာမန် လူလတ်တန်းစားတွေ နေတဲ့ မြို့တစ်မြို့ပါ။ ကျွန်တော့်ကျောင်းက သူငယ်ချင်းတွေဟာလည်း သပ်ရပ် သေးငယ်လှတဲ့ အိမ်တန်းတွေမှာ နေကြပါတယ်။ တချို့တွေရဲ့ အိမ်တွေက ကျွန်တော်တို့ အိမ်ထက် တော်တော်ပိုကြီးပေမယ့် အဲဒီ အိမ်အားလုံးဟာ ဝင်ပေါက်တွေနဲ့ ခြံထဲမှာ ထင်းရှူးပင်တွေ ရှိကြတာ အတူတူပါပဲ။ သူတို့ရဲ့ အဖေတွေဟာ ကုမ္ပဏီတွေမှာ လုပ်ရင် လုပ်၊ ဒါမှမဟုတ် တခြားသော အသက်မွေးဝမ်းကျောင်း အလုပ်တွေမှာ လုပ်ကြတယ်။ အမေတွေ အလုပ်လုပ်ကြတာ မရှိသလောက်ပါ။ အိမ်တိုင်းနီးပါးမှာ ကြောင်တစ်ကောင်၊ ဒါမှမဟုတ် ခွေးတစ်ကောင် ရှိကြတယ်။ ကျွန်တော် သိတဲ့ လူထဲက တိုက်ခန်းမှာ နေကြတာ တစ်ယောက်မှ မရှိဘူး။ နောက်တော့ ကျွန်တော်တို့ဟာ ဒီမြို့ရဲ့ တခြားနေရာကို ပြောင်းရပါတယ်။ ဒါပေမဲ့ အားလုံး အတူတူပါပဲ။ ဒီလိုပုံစံမျိုးကိုပဲ ကျွန်တော် တိုကျိုကို သွားပြီး ကောလိပ်တက်တဲ့အထိ မြင်နေခဲ့ရတယ်။ ဒီကမ္ဘာကြီး တစ်ခုလုံးမှာ ရှိသမျှ လူတွေဟာ ခြံဝင်းနဲ့ အိမ်မွေး တိရစ္ဆာန်လေး တစ်ကောင်နဲ့ နေတတ်ကြပြီး အနောက်တိုင်းဝတ်စုံနဲ့ ရုံးတက်ကြတယ်လို့ ကျွန်တော် ထင်နေခဲ့တယ်။ မတူညီတဲ့ ဘဝနေမှုပုံစံကို ကျွန်တော် ခန့်မှန်းလို့ မရခဲ့ဘူး။

ကျွန်တော် ကြီးပြင်းခဲ့တဲ့ ပတ်ဝန်းကျင်က ပုံမှန်မိသားစုတွေမှာ ကလေး နှစ်ယောက်၊ ဒါမှမဟုတ် သုံးယောက် ရှိတတ်ကြတယ်။ ကျွန်တော့် ကလေးဘဝ သူငယ်ချင်းတွေ အားလုံးဟာ အဲဒီလို သမားရိုးကျ မိသားစုတွေက ဆင်းသက်လာခဲ့ကြတာချည်းပဲ။ မိသားစုတစ်စုမှာ ကလေး နှစ်ယောက်၊ မဟုတ်ရင် သုံးယောက်၊ သုံးယောက် မဟုတ်ရင် နှစ်ယောက်ရှိကြတယ်။ ကလေး

mgyoe.com

mgyoe.com SAMPLE BOOK


ခြောက်ယောက်၊ ခုနစ်ယောက် ရှိတဲ့ မိသားစုဟာ တော်တော်ရှားတယ်။ အဲဒီထက် ပိုရှားတာက ကလေးတစ်ယောက်ပဲ ရှိတဲ့ မိသားစုပါ။

ကျွန်တော်ဟာ ပုံမှန်မဟုတ်တဲ့ မိသားစုကနေ ဆင်းသက်လာတာပါ။ ကျွန်တော်က တစ်ဦးတည်းသော သားလေ။ အဲဒီအတွက် ကျွန်တော့်မှာ သိမ်ငယ်စိတ် ရှိတယ်။ ကျွန်တော်ဟာ တခြားလူတွေမှာ ရှိတဲ့အရာ ကိုယ့်မှာ မရှိဘဲ တစ်ခုခု လစ်ဟာနေသလို ခံစားချက်မျိုး ခံစားနေမိတယ်။

တစ်ဦးတည်းသော သား ဆိုတဲ့ စကားလုံးကို ကျွန်တော် မုန်းတီးခဲ့တယ်။ အဲဒီစကားကို ကျွန်တော် ကြားလိုက်တိုင်း ကျွန်တော်ဟာ တစ်ခုခု ပျောက်ဆုံးနေသလို ခံစားမိတယ်။ ကျွန်တော်ဟာ လူသားအပြည့်အဝ မဖြစ်သလိုမျိုးပေါ့။ တစ်ဦးတည်းသော သား ဆိုတဲ့ စကားစုက ကျွန်တော့်ကို လက်ညှိုးထိုး စွပ်စွဲနေသလိုပဲ။ ‘မင်းမှာ တစ်ခုခု လိုနေတယ် သူငယ်ချင်း’ လို့ ကျွန်တော့်ကို ပြောနေသလိုပဲ။

ကျွန်တော် ကြီးပြင်းတဲ့ ပတ်ဝန်းကျင်မှာ တစ်ဦးတည်းသော သား၊ သမီးတွေဟာ သူတို့မိဘတွေရဲ့ အလိုလိုက် ဖျက်ဆီးမှုကို ခံရတယ်လို့ လက်ခံထားကြတယ်။ သူတို့တွေဟာ စိတ်ပျော့ပြီး ကိုယ့်အတွက်ပဲ ကိုယ် ကြည့်ကြတယ်ပေါ့။ ဒါကလည်း ဖြစ်နေကျ အတိုင်းပါပဲ။ ဥပမာ– အမြင့်ကို တက်လေ ဘာရိုမီတာက အောက်ဆင်းလေ၊ နွားမက နွားနို့ကို ပေးတယ် ဆိုတာမျိုးပါပဲ။ အဲဒါကြောင့်ပဲ ကျွန်တော့်ကို တစ်ယောက်ယောက်က မွေးချင်း ဘယ်နှယောက်ရှိလဲလို့ လာမေးတိုင်း ကျွန်တော် မုန်းမိတာပါ။ ကျွန်တော့်မှာ မရှိဘူးလို့ ပြောလိုက်တိုင်း သူတို့ အလိုလို ဒီလို တွေးမိကြတယ်။ တစ်ဦးတည်းသော သား ဟုတ်လား။ ပျက်စီးနေသူ၊ စိတ်ပျော့ပြီး တစ်ကိုယ်ကောင်းသမား ဆိုပြီးတော့ တွေးကြတယ် ဆိုတာ ကျွန်တော် ပြောရဲတယ်။ ဒါပေမဲ့ သူတို့တွေ ကျွန်တော့်ကို ထင်ကြတာဟာ မှန်တယ် ဆိုတဲ့ အချက်ထက် ဘယ်အရာကမှ ကျွန်တော့်ကို ပိုပြီး စိတ်ခေတ်ကျ မနာကျင်စေဘူး။

ကျွန်တော် ခြောက်နှစ် ရောက်လို့ မူလတန်းကျောင်း တက်တော့ တခြားသော တစ်ဦးတည်းသော ကလေးနဲ့ တွေ့ခဲ့တယ်။ ကျွန်တော် သူ့ကို သဲသဲကွဲကွဲ မှတ်မိနေဆဲပါပဲ။ (ဟုတ်ပါတယ်၊ သူက မိန်းကလေးတစ်ယောက်ပါ။) ကျွန်တော် သူ့ကို ကောင်းကောင်း သိပါတယ်။ ကျွန်တော်တို့ နှစ်ယောက်

mgyoe.com

mgyoe.com  SAMPLE BOOK 

အကြောင်းအရာမျိုးစုံကို ပြောဖြစ်ကြတယ်။ ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် နားလည်ကြတယ်။ ကျွန်တော် သူ့ကို ချစ်ခဲ့တယ်လို့တောင် ပြောလို့ ရပါတယ်။

သူ့ရဲ့နာမည် နောက်ဆုံးစာလုံးက ရှီမာမိုတိုပါ။ သူ မွေးပြီး သိပ်မကြာခင်မှာ ပိုလီယိုဖြစ်ခဲ့လို့ သူ့ဘယ်ခြေထောက် ဆာနေတယ်။ အားလုံးကို ခြုံပြောရရင် သူဟာ ကျွန်တော်တို့ အတန်းကို ငါးတန်းရဲ့ နှစ်ကုန်ပိုင်းမှာ ပြောင်းလာပါတယ်။ ကျွန်တော့်လိုပဲ သူ့မှာ ရင်ဆိုင်နေရတဲ့ စိတ်ပိုင်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးကြီး ရှိခဲ့ပါတယ်။ အဲဒီ ဝန်ထုပ်ဝန်ပိုးကြောင့် သူဟာ ကျွန်တော့် ထက်ပိုပြီး မာကျော၊ ကိုယ့်ကိုယ်ကိုယ် ပိုဂရုစိုက်တတ်သူ ဖြစ်ခဲ့ပါတယ်။ သူ မကြာခဏ ခံစားနာကျင်ရတာတွေကို သူ ဘယ်တော့မှ ထုတ်ဖော် ညည်းညူ၊ စောဒကတက်လေ့ မရှိပါဘူး။ ဘာပဲ ဖြစ်နေပါစေ သူ အပြုံးလေးနဲ့ ရင်ဆိုင် တတ်ပါတယ်။ အခြေအနေတွေ ဆိုးလေလေ၊ သူ့အပြုံးက ပိုကြီးလာလေလေပါပဲ။ ကျွန်တော် သူ့အပြုံးကို ချစ်မိခဲ့တယ်။ အဲဒီအပြုံးက ကျွန်တော့်ကို နှစ်သိမ့်၊ အားပေးနိုင်ပါတယ်။ 'အဆင်ပြေသွားမှာပါ'လို့ သူ့အပြုံးက ကျွန်တော့်ကို ပြောတယ်။ ခဏလေး သည်းခံ လိုက်၊ အားလုံး အဆင်ပြေသွားလိမ့်မယ်။ နောက်ထပ် နှစ်ပေါင်းများစွာ အကြာမှာ ကျွန်တော် သူ့အကြောင်း စဉ်းစားမိတိုင်း စိတ်ထဲ အရင်ဆုံးရောက်လာခဲ့တာက သူ့ရဲ့အပြုံးပါပဲ။

ရှီမာမိုတိုဟာ အားလုံးအပေါ် ကြင်နာတယ်။ လူတွေက သူ့ကို လေးစားကြတယ်။ ကျွန်တော်တို့ နှစ်ယောက်လုံးဟာ တစ်ဦးတည်းသော သား၊ သမီး ဖြစ်ကြပေမယ့် ဒီနေရာမှာတော့ သူနဲ့ ကျွန်တော် မတူဘူး။ အဲဒါကလည်း ကျွန်တော်တို့ အခန်းထဲက လူတိုင်း သူ့ကို သဘောကျတယ်လို့ အဓိပ္ပာယ်မရပါဘူး။ သူ့ကို ဘယ်သူကမှ ကျီစယ် လှောင်ပြောင်တာ မရှိပါဘူး။ သူ့မှာ ကျွန်တော် ကလွဲလို့ သူငယ်ချင်း တစ်ယောက်မှ မရှိဘူး။

သူဟာ အရမ်းအေးလွန်း၊ တစ်ယောက်တည်း နေတတ်လွန်းလို့လည်း ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့ အခန်းထဲက တချို့ကတော့ သူ့ကို အေးစက်ပြီး မာနကြီးတယ်လို့ ထင်ကောင်း ထင်နိုင်ပါတယ်။ ဒါပေမဲ့ မျက်နှာပြင်ရဲ့ အောက်မှာ နွေးထွေးပြီး ထိရှလွယ်တာကို ကျွန်တော် ရှာတွေ့ရှိခဲ့ပါတယ်။ ကလေးတွေ တူတူပုန်းတမ်း ကစားသလိုပါပဲ။ သူ ပုန်းဖို့ ပိုကြိုးစားလေလေ၊ အရင်တွေ့ဖို့ လွယ်လေပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK


သူ့အဖေဟာ ကုမ္ပဏီမှာ နေရာမျိုးစုံ ခဏခဏ ပြောင်းရလို့ သူဟာ ကျောင်းတွေ ပြောင်းတက်ခဲ့ရပါတယ်။ သူ့အဖေ ဘာအလုပ်လုပ်လဲ ဆိုတာ ကျွန်တော် မမှတ်မိဘူး။ သူ့အဖေ ဘာအလုပ် လုပ်တယ် ဆိုတာ သူ တစ်ခါ ပြောပြခဲ့ပေမယ့် ကလေးအများစု ဖြစ်တတ်သလိုပဲ ကျွန်တော်ဟာ နားတစ်ဖက်က ဝင်ပြီး ကျန်တစ်ဖက်ကနေ ထွက်ခဲ့ပါတယ်။ ကျွန်တော် မှတ်မိသလောက်တော့ ဘဏ်လား၊ အခွန်ရုံးလား တစ်ခုခုမှာ အလုပ်လုပ်တာပါပဲ။ သူဟာ ကုမ္ပဏီက ပေးတဲ့ အိမ်မှာ နေပါတယ်။ ဒါပေမဲ့ သူတို့အိမ်က ပုံမှန်ထက် ပိုကြီးတယ်။ အနောက်တိုင်းပုံစံ ကျောက်တုံး ခြံစည်းရိုးနိမ့်နိမ့်နဲ့ ကာထားတယ်။ သူတို့ရဲ့ ခြံစည်းရိုးပေါ်မှာ အမြဲစိမ်းပင်တွေ ကာရံထားတယ်။ ခြံစည်းရိုးကနေ တစ်ဆင့် ခြံထဲမှာ မြက်ခင်း ရှိတာကို မြင်နိုင်တယ်။

ရှီမာမိုတိုဟာ အရပ်ရှည်တဲ့ ကောင်မလေး တစ်ယောက်ပါ။ ကျွန်တော့်လောက် အရပ်ရှည်ပြီး သိသာထင်ရှားတဲ့ ပုံစံပါပဲ။ နောက်ထပ် နှစ်အနည်းငယ်လောက်ဆို သူဟာ အရမ်းကို လှလာမယ် ဆိုတာ ကျွန်တော် သိပါတယ်။ ဒါပေမဲ့ ကျွန်တော် သူ့ကို စတွေ့ခါစမှာ သူ့ရဲ့ စိတ်အတွင်းပိုင်း အရည်အသွေးတွေက သူ့ရဲ့ အပြင်အမြင်နဲ့ မလိုက်ဖက်သေးဘူး ဆိုတာ သိခဲ့တယ်။ တစ်ခုခု ဟန်ချက်မညီ နေသလိုမျိုးပေါ့။ လူတော်တော်များများက အဲဒီလို ဟန်ချက်မညီတာကို တွေ့ကြမှာ မဟုတ်ပါဘူး။ သူ့မှာ အရွယ်ရောက်ပြီးသား အစိတ်အပိုင်း ရှိသလို ကလေး အဖြစ်ပဲ ရှိနေသေးတဲ့ အစိတ်အပိုင်းတွေ ရှိနေတယ်။ အဲဒီ နှစ်ခုက ချိန်သား မကိုက်သေးဘူး။ အဲဒါကြောင့်ပဲ လူတွေကို မသက်မသာ ဖြစ်စေတာပါ။

ပြောရရင် သူ့အိမ်နဲ့ ကျွန်တော့်အိမ်က ခဲတစ်ပစ်လောက်ပဲ ဝေးတာကြောင့်လားတော့ မသိဘူး၊ သူ စပြောင်းလာတဲ့ ပထမလမှာ သူဟာ စာသင်ခန်းထဲမှာ ကျွန်တော့်ဘေးမှာ ထိုင်ရတယ်။ သူ လိုအပ်တဲ့ ကျောင်းသုံးစာအုပ်တွေ၊ အပတ်စဉ် စာမေးပွဲတွေ အကြောင်း၊ သန့်ရှင်းရေးနဲ့ နေ့လယ်စာ ထည့်ပေးရဖို့ တာဝန်ယူရတဲ့ အလှည့်တွေအကြောင်း ကျွန်တော် သူ့ကို ရှင်းပြခဲ့တယ်။ ကျွန်တော်တို့ ကျောင်းရဲ့ မူဝါဒက အိမ်အနီးဆုံး ကလေးအချင်းချင်း ကူညီစောင့်ရှောက်ရတယ်။ ကျွန်တော့်ဆရာမက ကျွန်တော့်ကို ခေါ်ပြီး ခြေထောက်တစ်ဖက် မသန်တဲ့ ရှီမာမိုတိုကို ကျွန်တော် ဂရုစိုက်မယ်လို့ မျှော်လင့်တဲ့ အကြောင်း ပြောခဲ့ပါတယ်။

mgyoe.com

ကလေး ဆယ့်တစ်ယောက်၊ ဆယ့်နှစ်ယောက်လောက် စုပြီး ဆန့်ကျင်ဘက်လိင်အကြောင်း ပထမဆုံးအကြိမ် ပြောဖြစ်ကြတဲ့ စကားဝိုင်းဟာ နှစ်ရက်လောက် ပြောဖြစ်ပြီးနောက် တိတ်ဆိတ်သွားပြန်ပါတယ်။ ကျွန်တော်တို့ဟာ ကလေးပဲ ရှိသေးတာကို နားလည်ပြီးနောက် ကျွန်တော်တို့ စိတ်သက်သာရာ ရခဲ့ပါတယ်။ အဲဒီအချိန်ဟာ ကျွန်တော်တို့အားလုံး နောက်ထပ် တစ်ဦးတည်းသော သမီး ဆိုတာကို ထပ်တွေ့ခဲ့တာဖြစ်တယ်။ ကျွန်တော်တို့ နှစ်ယောက်ဟာ အချိန်အတော်ကြာကြာ တူတူရှိပေမယ့် စိတ်ထဲမှာတော့ ကျွန်တော်တို့ဟာ ကလေးပဲ ဆိုတာကို သိခဲ့တယ်။ ကျွန်တော်တို့ နှစ်ယောက် မကြာခဏ အိမ်ကို အတူလမ်းလျှောက် ပြန်ကြတယ်။ သူ့ခြေထောက်ကြောင့် ကျွန်တော်တို့ ဖြည်းဖြည်းပဲ လျှောက်ပြန်ကြတယ်။ ကျွန်တော်တို့ အိမ်ပြန်ရောက်ဖို့ တစ်မိုင်ရဲ့ လေးပုံ သုံးပုံလောက် လျှောက်ကြရင်း အကြောင်းအရာမျိုးစုံကို ပြောဖြစ်ကြတယ်။ ကျွန်တော်တို့ စကားပိုပြောဖြစ်လေလေ ကျွန်တော်တို့နှစ်ယောက် အကြိုက်ချင်း တူတယ် ဆိုတာကို ပိုသိလာလေလေပါပဲ။ ကျွန်တော်တို့ နှစ်ယောက် ကြိုက်တဲ့ စာအုပ်တွေနဲ့ သီချင်းတွေ တူကြပါတယ်။ ကျွန်တော်တို့ နှစ်ယောက်လုံး ကြောင် 'ချစ်တာကိုတော့ မပြောကြပါဘူး။ ကျွန်တော်တို့ နှစ်ယောက်လုံးမှာ ကိုယ့်ခံစားမှုကို သူများ နားလည်အောင် မရှင်းပြတတ်တဲ့ အချိန်တွေ ကြုံဖူးပါတယ်။ ကျွန်တော်တို့ နှစ်ယောက်စလုံးမှာ ကျွန်တော်တို့ မစားချင်တဲ့ အစားအသောက် စာရင်းအရှည်ကြီး ရှိကြပါတယ်။ ကျောင်းနဲ့ ပတ်သက်လို့ ပြောကြရင်လည်း ကျွန်တော်တို့ နှစ်ယောက်လုံးရဲ့ သဘောကျတဲ့ သူတွေ၊ မကြိုက်တဲ့ သူတွေ၊ သေစေချင်လောက်အောင် မုန်းတဲ့ လူတွေက အတူတူပါပဲ။ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ ကြီးမားတဲ့ မတူညီမှုကြီး တစ်ခုတော့ ရှိပါတယ်။ ကျွန်တော့်ထက် ပိုပြီးတော့ ရှီမာမိုတိုဟာ သူ့ကိုယ်သူ ကာကွယ်ဖို့ အခွံကြီး တစ်ခုနဲ့ ကာရံထားတာပါပဲ။ ကျွန်တော့်နဲ့ မတူတာက သူဟာ သူ မကြိုက်တဲ့ ဘာသာရပ်ကိုလည်း လေ့လာပြီး အမှတ်ကောင်း ရတတ်ပါတယ်။ ကျောင်းက ကျွေးတဲ့ ညစာထဲမှာ သူ မုန်းတဲ့ အစားအစာ ပါလည်း သူ စားပစ်လိုက်တာပါပဲ။ နောက်တစ်နည်း ပြောရရင် သူဟာ သူ့ဘေးမှာ မြင့်မားတဲ့ ခုခံမှု တံတိုင်းကြီးကို ကျွန်တော့်ထက် ပိုတည်ဆောက်ထားတာပါပဲ။ အဲဒီတံတိုင်းကြီးရဲ့ နောက်မှာတော့ ကျွန်တော့်မှာ ရှိတာတွေနဲ့ သူ့မှာ ရှိတာတွေဟာ အတူတူပါပဲ။

mgyoe.com

m g y p e . c o m SAMPLE BOOK


တခြားမိန်းကလေးတွေနဲ့အတူရှိနေချိန်နဲ့ မတူဘဲ ရှီမာမိုတိုနဲ့ အတူ ရှိနေတဲ့ အချိန်က ကျွန်တော် သက်သောင့်သက်သာ ဖြစ်မိတယ်။ ကျွန်တော် သူနဲ့ အိမ်ပြန်ရတာကို သဘောကျတယ်။ သူဟာ လမ်းလျှောက်ရင် ထော့နဲ့ ထော့နဲ့ လျှောက်ရလို့ နည်းနည်းနှေးတယ်။ ကျွန်တော်တို့ အိမ်အပြန် လမ်း တစ်ဝက်မှာ ပန်းခြံခုံပေါ်မှာ ထိုင်ပြီး မကြာခဏ နားတတ်ကြတယ်။ အဲဒီအတွက် ကျွန်တော် စိတ်ထဲမှာ ဘယ်လိုမှ မရှိဘူး။ အချိန် ပိုရတယ်လို့တောင် သဘော ထားမိတယ်။

ကျွန်တော်တို့ နှစ်ယောက် အချိန် တော်တော်များများမှာ အတူရှိခဲ့ ပေမယ့် ကျွန်တော် မှတ်မိသလောက်တော့ ကျွန်တော်တို့ကို ဘယ်သူကမှ မစကြ ဘူး။ အဲဒီတုန်းက ကျွန်တော့်အတွက် ဘာမှ မဖြစ်ခဲ့ပေမယ့် အခု ပြန်စဉ်းစားတော့ ထူးဆန်းနေသလိုပဲ။ ဘာပဲပြောပြော ကလေးတွေဟာ အရမ်း နီးကပ်လွန်းတဲ့ အတွဲတွေဆိုရင် စတတ်ကြတာပဲ မဟုတ်လား။ ရှီမာမိုတိုလို လူစားမျိုးကြောင့် မစကြတာလည်း ဖြစ်နိုင်ပါတယ်။ သူနဲ့ ပတ်သက်ရင် လူတွေက တစ်စုံတစ်ရာ လေးနက်တတ်ကြတယ်။ သူ့မှာ လူတွေကို ဒီ မိန်းကလေး ရှေ့မှာ ပေါက်ကရ မပြောတာ ပိုကောင်းပါလိမ့်မယ် ဆိုတဲ့ စိတ်မျိုး ဖြစ်စေတာ ရှိတယ်။ ကျွန်တော်တို့ ရဲ့ ဆရာ၊ ဆရာမတွေတောင်မှ သူနဲ့ ဆက်ဆံရင် သတိထားတတ်ကြတယ်။ သူ့ရဲ့ ဆာနေတဲ့ ခြေထောက် တစ်ဖက်က အဲဒီလို ဖြစ်စေတာလည်း ဖြစ်နိုင်ပါတယ်။ ဘာပဲပြောပြော လူတွေက ရှီမာမိုတိုဟာ စရ နောက်ရမယ့် လူစားမျိုး မဟုတ် ဘူးလို့ ထင်တတ်ကြတယ်။ အဲဒါက ကျွန်တော့်အတွက် အဆင်ပြေပါတယ်။

အားကစားအချိန် ဆိုရင် သူ ကွင်းဘေးမှာ ထိုင်နေတတ်တယ်။ ကျွန်တော်တို့ လမ်းလျှောက်ထွက်တာ၊ တောင်တက်တာ ရှိရင် သူ အိမ်မှာပဲ နေတယ်။ နွေရာသီ ရေကူးစခန်း ဆိုလည်း အဲဒီအတိုင်းပဲ။ ကျွန်တော်တို့ ကျောင်း ရဲ့ နှစ်စဉ် အားကစားနေ့ ဆိုလည်း သူဟာ အခက်တွေ့နေတတ်တယ်။ ဒါပေမဲ့ ပုံမှန်အတိုင်းကတော့ သူ့ရဲ့ ကျောင်းသူဘဝဟာ ပုံမှန်ပါပဲ။ သူ့ရဲ့ ခြေထောက် အကြောင်းကို သူ မပြောသလောက်ပဲ။ မှတ်မိသလောက်ဆို တစ်ခါ မှတောင် မပြောဖူးဘူး။ ကျွန်တော်တို့ ကျောင်းကနေ အိမ်ကို လမ်းလျှောက်ပြန်တိုင်း သူဟာ ကျွန်တော့်ပခုံးကို ကိုင်တဲ့အတွက် ဘယ်တော့မှ မတောင်းပန်သလို အဲဒီလို ကိုင်တဲ့အတွက် ဘာမှမဟုတ်တဲ့ ပုံစံမျိုးကိုလည်း လုပ်တတ်တယ်။ သူ့ခြေထောက်

mgype.com

mgyoe.com

SAMPLE BOOK


ကို သူ စိတ်ပျက်လို့ ထုတ်ဖော်ပြောရမှာကို သူ ရှောင်လွှဲနေတယ် ဆိုတာကို ကျွန်တော် သိတယ်။ ဂျပန်ပုံစံအရ အိမ်အဝင်မှာ ဖိနပ်ချွတ်ရလို့ သူဟာ တခြား ကလေးတွေရဲ့ အိမ်ကို သွားရမှာကို မကြိုက်လှဘူး။ သူ့ရှူးဖိနပ်ရဲ့ခွာက သာမန် ထက် ပိုမြင့်တယ်။ သူ့ဖိနပ်နှစ်ဖက်က တစ်ဖက်နဲ့ တစ်ဖက် မတူဘူး။ အဲဒါကို လည်း လူတွေ မြင်မှာ သူ မလိုချင်ဘူး။ လူတွေက မြင်ရင် ယှဉ်ကြည့်ကြမှာ အသေအချာပဲ။ သူ အိမ်ကို ရောက်တာနဲ့ သူ့ဖိနပ်ကို ချွတ်ပြီး ဗီရိုထဲကို မြန်နိုင်သမျှ မြန်မြန် ထည့်တတ်တယ်။

ရှီမာမိုတိုရဲ့ အိမ်မှာ ဓာတ်စက် အသစ်စက်စက် တစ်လုံး ရှိတယ်။ ကျွန်တော် သူတို့အိမ်မှာ ဂီတသံတွေ နားထောင်လေ့ ရှိတယ်။ စတီရီယို ဓာတ်ပြားစက်ပါ။ သူ့အဖေရဲ့ စုထားတဲ့ ဓာတ်ပြားတွေနဲ့ မလိုက်ဖက်ပါဘူး။ သူ့အဖေမှာ ဓာတ်ပြား ဆယ့်ငါးချပ် ရှိတယ်။ အများစုက အပေါ့စား ဂန္ထဝင် ဂီတတွေပါ။ ကျွန်တော်တို့ဟာ အဲဒီ ဓာတ်ပြားဆယ့်ငါးချပ်ကိုပဲ အကြိမ်ပေါင်း ထောင်ပေါင်းများစွာ နားထောင် ကြတယ်။ ဒီနေ့ထိတောင်မှ အဲဒီ ဓာတ်ပြားတွေ တစ်ချပ်ချင်းစီကို မှတ်ချက် ပေးပြီး ပြောနိုင်သေးတယ်။

ရှီမာမိုတိုက ဓာတ်ပြား တာဝန်ခံပါ။ သူဟာ စင်ပေါ်က ဓာတ်ပြား တစ်ချပ်ကို အဖုံးထဲကနေ ယူမယ်၊ ပြီးရင် သေချာဂရုစိုက်ပြီး စက်ပေါ်တင်မယ်၊ မဖွင့်ခင် ဖုန်တွေ ရှင်းအောင် ဘရပ်ရှ်အသေးလေးနဲ့ ဖုန်သုတ်မယ်၊ ပြီးတော့မှ အပ်ကို ညင်ညင်သာသာ အောက်ချပြီး စဖွင့်မယ်။ ဓာတ်ပြား ကုန်သွားရင် ဖုန်သုတ်အရည် ဖျန်းပြီး အဝတ်နုစလေးနဲ့ သုတ်မယ်။ သူဟာ ဓာတ်ပြားကို သူ့ အဖုံးထဲ ပြန်ထည့်ပြီး စင်ပေါ်မှာ နေရာတကျ ပြန်ထားမယ်။ သူ့အဖေက သူ့ကို ဒီစည်းကမ်း သင်ပေးထားတယ်။ သူ့အဖေရဲ့ သင်ကြားချက်ကို သူ သေချာ လိုက်နာတယ်။ မျက်မှောင်ကြုတ်ပြီး မျက်နှာပေါ်မှာလည်း လေးနက်တဲ့အမူအရာ တွေ ဖြစ်လို့နေတယ်။ ပြီးရင် အသက်ကို ရှူမယ်။ အဲဒီ အတောအတွင်းမှာ ကျွန်တော် က ဆိုဖာပေါ်မှာ ထိုင်ပြီး သူ့ရဲ့ လှုပ်ရှားမှုတွေကို ကြည့်လို့ နေတယ်။ ဓာတ်ပြားကို စင်ပေါ်မှာ အန္တရာယ်ကင်းကင်း ထားနိုင်ပြီးမှ သူဟာ ကျွန်တော် ရှိရာဆီ ပြန်လာ ပြီး ပြုံးပြတယ်။ သူ အဲဒီလို လုပ်တိုင်း သူ ကိုင်နေတာ ဓာတ်ပြား မဟုတ်ဘူး၊ သူ့ ကိုယ်တွင်း ဖန်ပုလင်းထဲက ထိရှလွယ်တဲ့ စိတ်ဝိညာဉ် ဆိုပြီး ကျွန်တော့်စိတ်ထဲမှာ ဖြစ်မိတယ်။

mgyoe.com

mgyee.com SAMPLE BOOK

ကျွန်တော့်အိမ်မှာတော့ ဓာတ်ပြားတွေ မရှိသလို ဓာတ်စက်လည်း မရှိပါဘူး။ ကျွန်တော့်မိဘတွေက ဂီတကို မကြိုက်ကြဘူး။ ဒီတော့ ကျွန်တော် ပလတ်စတစ် ရေဒီယိုလေးနဲ့ပဲ သီချင်းနားထောင်လေ့ ရှိတယ်။ ရှီမာမိုတို အိမ်မှာ ဂန္ထဝင်ဂီတတွေ နားမထောင်ခင်အထိ ရော့ခ်အင်ရိုးက ကျွန်တော့် အကြိုက်ဆုံး ဂီတ ဖြစ်ခဲ့တယ်။ ဂန္ထဝင်ဂီတဟာ တခြားကမ္ဘာကနေ လာသလိုပဲ။ ဒါပေမဲ့ သူဟာ လည်း တခြားကမ္ဘာရဲ့ အစိတ်အပိုင်း ဖြစ်တာကို ကျွန်တော် ပိုနှစ်သက်မိတယ်။ တစ်ပတ်ကို တစ်ကြိမ်၊ ဒါမှမဟုတ် နှစ်ကြိမ် ကျွန်တော်တို့ သူ့အမေ ဖျော်ပေးတဲ့ လက်ဖက်ရည်ကို ဆိုဖာပေါ်မှာ ထိုင်သောက်ရင်း နေ့လယ်ခင်းကို ရော့စနီ (Rossini) ရဲ့ တေးသွားတွေ၊ ဘီသိုဗင် (Beethoven) ရဲ့ Pastorale နဲ့ Peer Gynt Suit တို့ကို နားထောင်ကြတယ်။ ကျွန်တော် ရှိနေတာကို သူ့အမေက ပျော်ပါ တယ်၊ ကျောင်းအသစ်ကို ရောက်ပြီး မကြာခင်မှာ သူ့သမီး သူငယ်ချင်း တစ်ယောက် ရတာကို ကျေနပ်နေပါတယ်။ ကျွန်တော့်ရဲ့ သပ်သပ်ရပ်ရပ် ဝတ်စားတတ်တာ ကြောင့်လည်း ပါမယ် ထင်တယ်။ ရိုးရိုးသားသား ဝန်ခံရရင်တော့ ကျွန်တော် သူ့အမေကို သဘောမကျမိပါဘူး။ ဘာကြောင့် အဲဒီလို ဖြစ်တာကိုလည်း ကျွန်တော် သေချာမသိပါဘူး။ သူက ကျွန်တော့်အပေါ် အမြဲတမ်း သဘောကောင်း ပေမယ့် သူ့လေသံထဲမှာ ကျွန်တော့်ကို သိပ်သဘောမကျဘဲ အဝေးမှာ ရှိနေစေ ချင်တာ ကျွန်တော် ရိပ်မိပါတယ်။

သူ့အဖေရဲ့ ဓာတ်ပြားတွေထဲမှာ ကျွန်တော် အကြိုက်ဆုံး ဓာတ်ပြားက လစ်ဇ် (Listz) ရဲ့ စန္ဒရား လက်စွမ်းပြတေးသွား ဓာတ်ပြားပါ။ တစ်ဖက်မှာ တစ်ပုဒ်စီ ပါပါတယ်။ ကျွန်တော် ကြိုက်ရတဲ့ အကြောင်းရင်း နှစ်ခု ရှိပါတယ်။ ပထမအချက်က ဓာတ်ပြားထည့်တဲ့ အိတ်ကလေးက အရမ်းလှတယ်။ နောက် တစ်ချက်က ရှီမာမိုတိုက လွဲလို့ ကျွန်တော် သိတဲ့ ဘယ်သူမှ လစ်ဇ်ရဲ့ လက်ရာ ကို နားမထောင်ဖူးလို့ပါ။ အဲဒီအတွေးကြောင့် ကျွန်တော် စိတ်လှုပ်ရှားမိတယ်။ ကျွန်တော့်မှာ ကျွန်တော် တစ်ယောက်တည်း ဝင်ခွင့်ရှိတဲ့ လျှို့ဝှက် ဥယျာဉ်လေး ရှိတာ ဘယ်သူမှ မရိပ်မိကြဘူး။ ကျွန်တော်ဟာ ဖြစ်တည်မှုရဲ့ နောက်ထပ် လွင်ပြင်တစ်ခုဆီ မြင့်တက် ရောက်ရှိသွားသလို ခံစားမိတယ်။

ဂီတဟာ သူ့အလိုလိုကို အံ့သြဖို့ ကောင်းနေတာပါ။ အစပိုင်းတုန်း ကတော့ ဂီတဟာ ချဲ့ကားလွန်းတယ်၊ အတုအပ ဖြစ်တယ်၊ နားလည်လို့မရ

mgyoe.com

သလောက်လို့တောင် ကျွန်တော် ထင်မိခဲ့တယ်။ တဖြည်းဖြည်း ထပ်ပြန် တလဲလဲ နားထောင် လာခဲ့ပြီးတော့မှ ဂီတမှာ သူ့ရဲ့ ဝိုးတဝါးပုံရိပ် ရှိတာကို ကျွန်တော့် စိတ်ထဲမှာ မြင်ယောင်လာတယ်။ အဓိပ္ပာယ်ရှိတဲ့ ပုံရိပ်ပေါ့။ ကျွန်တော် မျက်လုံး မှိတ်ပြီး အာရုံစိုက် နားဆင်လိုက်ရင် ဂီတသံဟာ ဝဲကတော့တွေ အတွဲလိုက် ကြီးလို ဖြစ်လို့လာတယ်။ ဝဲကတော့ တစ်ခုက ပုံသဏ္ဍာန် ဖြစ်လာပြီး ပြန် ပျောက်သွားချိန်မှာ နောက်ထပ်ဝဲကတော့ တစ်ခု ရောက်လို့လာတယ်။ ဒုတိယ ဝဲကတော့ဟာ တတိယဝဲကတော့နဲ့ ချိတ်ဆက်သွားပြန်တယ်။ အဲဒီ ဝဲကတော့ တွေဟာ သူတို့ကိုယ်ပိုင် အယူအဆ သဘောတရားပါပြီး ဒြပ်မဲ့အရည်အသွေးတွေ ရှိတာကို ခုတော့ ကျွန်တော် နားလည်လာတယ်။ ကျွန်တော် အဲဒီလို နားလည် လာတဲ့ အကြောင်းကို ကျွန်အရာ အားလုံးထက် ရှိမာမိုတိုကို ပြောပြချင်နေမိတယ်။ ဒါပေမဲ့ သူတို့တွေဟာ သာမန် ဘာသာ စကားရဲ့အလွန်မှာ ရှိနေကြတယ်။ သူတို့မှာ စကားလုံး အစုအဝေးကြီး တစ်ခုလုံး မလိုအပ်ဘူး။ ဒါပေမဲ့ သူတို့တွေဟာ ဘာလဲ ဆိုတာ ကျွန်တော် နားမလည်ပါဘူး။ ပြီးတော့ အဲဒီအကြောင်းကို ကျွန်တော် စကားလုံးနဲ့ ပြောဖို့ လို၊ မလို ဆိုတာလည်း မသိပါဘူး။ ကံဆိုးတာက အဲဒီ စန္ဒရား တီးဆရာ နာမည်ကို ကျွန်တော် မမှတ်မိတော့တာပါပဲ၊ ကျွန်တော် မှတ်မိတာ ဆိုလို့ အရောင်အသွေး စုံပြီး တောက်ပတဲ့ ဓာတ်ပြား အိတ်ခွံနဲ့ ဓာတ်ပြားရဲ့ အလေးချိန်ပဲ ရှိပါတယ်။ အဲဒီ ဓာတ်ပြားဟာ ကြီးမားလေးလံပြီး သူ့ဟာနဲ့သူတော့ မှော်ဆန်ဆန် ရှိလို့နေတယ်။

သူတို့အိမ်မှာရှိတဲ့ ဓာတ်ပြားစာရင်းထဲမှာ နတ်ကိုးကင်း (Nat Cole King) နဲ့ ဘင်ခရော့စ်ဘီ (Bing Crosby) တို့ရဲ့ ဓာတ်ပြား တစ်ချပ်စီ ပါနေတယ်။ အဲဒီနှစ်ဖွဲ့ကို ကျွန်တော်တို့ အကြိမ်ကြိမ် နားဆင်ဖြစ်ကြတယ်။ ခရော့စ်ဘီ ရဲ့ ခရစ္စမတ်သီချင်း အယ်လ်ဘမ်က ဘယ်အချိန် နားထောင်ထောင် နားထောင် လို့ ကောင်းတယ်။ ကျွန်တော်တို့ တစ်ခုခုကို ထပ်ပြန်တလဲလဲ နားဆင် နှစ်သက် မိတာ ထူးတော့ ထူးဆန်းတယ်။

ခရစ္စမတ် နီးတဲ့ ဒီဇင်ဘာတစ်ရက်မှာ ရှိမာမိုတိုနဲ့ ကျွန်တော်တို့ နှစ်ယောက် သူ့အိမ်က ဧည့်ခန်းထဲမှာ ထိုင်လို့နေတယ်။ ထုံးစံအတိုင်း ဆိုဖာ ပေါ်မှာ ထိုင်ရင်း ဓာတ်ပြားတွေ နားထောင်နေတာပေါ့။ သူ့အမေက အိမ်ထဲက နေ ထွက်ပြီး တောက်တိုမည်ရ အိမ်ကိစ္စလုပ်ဖို့ ရုတ်တရက် ထွက်သွားတော့

mgyoe.com

m g y o e . c o m  SAMPLE BOOK 

ကျွန်တော်တို့ နှစ်ယောက်ပဲ ကျန်ခဲ့တယ်။ တိမ်ထူပြီး ညို့မှောင်နေတဲ့ ဆောင်းနေ့လယ်ခင်း တစ်ခုပါ။ နေရောင်က ဖုန်မှုန့်တွေ ရောယှက်နေလို့ တိမ်ထူထူတွေဟာ သိပ်မလင်းနိုင်ဘူး။ အရာအားလုံးက မှိန်ဖျဖျနဲ့ လှုပ်ရှားမှုမဲ့လို့နေတယ်။ နေဝင်ဆည်းဆာချိန်နဲ့ နီးနေပြီ။ အခန်းထဲမှာ ညလိုပဲ မှောင်နေတယ်။ ရေနံဆီသုံး အပူပေးစက်ဟာ အခန်းထဲမှာ သိပ်အပူမပေးနိုင်ဘူး။ နတ်ကိုးကင်းက Pretend သီချင်းကို ဆိုလို့နေတယ်။ အင်္ဂလိပ်စာသားရဲ့ အဓိပ္ပာယ်က ဘာလဲဆိုတာ ကျွန်တော်တို့ မသိပါဘူး။ ကျွန်တော်တို့ အတွက်တော့ သံပြိုင်အော်နေသံနဲ့ပဲ တူတယ်။ ဒါပေမဲ့ ကျွန်တော် အဲဒီသီချင်းကို ချစ်တယ်။ အကြိမ်ပေါင်းများစွာ ကြားဖူးထားလို့ အဖွင့်စာသားတွေကို ကျွန်တော် လိုက်ဆိုနိုင်တယ်။

*'ဝမ်းနည်းနေတဲ့အခါ... ပျော်ချင်ယောင်ဆောင်....*
*သိပ်မခက်လှပါဘူးကွယ်....'*

ဒီသီချင်းနဲ့ ရှီမာမိုတို မျက်နှာပေါ်မှာ အမြဲတွေ့နေရတဲ့ အပြုံးဟာ ကျွန်တော့်အတွက်တော့ အတူတူပါပဲ။ သီချင်းစာသားတွေက လောကကြီးကို ရှုမြင်တတ်ဖို့ နည်းလမ်းတစ်ခုကို ပြောနေတာ ဖြစ်တယ်။ အဲဒီအချိန်ကတော့ ကျွန်တော့်အတွက် လောကကို အဲဒီလို ရှုမြင်နိုင်ဖို့ ခက်ခဲပါတယ်။

ရှီမာမိုတိုဟာ သူ့ရဲ့ လည်တိုင်ဝိုင်းဝိုင်းလေးကို အပြာရောင် ဆွယ်တာနဲ့ လွှမ်းခြုံလို့ ထားတယ်။ သူ့ဆီမှာ အပြာရောင်ဆွယ်တာတွေ အများကြီးရှိတယ်။ အပြာရောင်ဟာ သူ အကြိုက်ဆုံးအရောင် ဖြစ်မယ် ထင်တယ်။ သူဟာ ကျောင်းကို ဝတ်လာလေ့ရှိတဲ့ အပြာရင့်ရောင် ကုတ်အင်္ကျီတွေနဲ့လိုက်ဖက်လို့ အပြာရောင်ဆွယ်တာတွေ ဝတ်လေ့ရှိတာလား မသိဘူး။ သူ့လည်ချောင်းပေါ်မှာ သူ့ရဲ့ ဘလောက်စ်အင်္ကျီက ကော်လာ ထွက်လို့နေတယ်။ အကွက် အကွက်တွေနဲ့ စကတ်ရယ်၊ အဖြူရောင် ချည်ခြေအိတ်က သူ့ပုံစံကို ပြည့်စုံစေတယ်။ သူ့ရဲ့ ဆွယ်တာအကျပ် နုနုဟာ မို့မောက်နေတဲ့ သူ့ရင်သားတွေကို ထင်းနေစေတယ်။ သူဟာ ဆိုဖာပေါ်မှာ ခြေထောက်နှစ်ချောင်းကို ကားလို့ ထိုင်နေတယ်။ တံတောင်တစ်ဖက်က ဆိုဖာနောက်မှီပေါ် တင်လို့ ထားတယ်။ သူ ဟိုးအဝေးကို ကြည့်လို့ နေတယ်။ သီချင်းနားထောင်ရင်း စိတ်ကူးနဲ့ ပုံဖော်ကြည့် နေသလို မျိုးပဲ။

"တစ်ဦးတည်း မွေးတဲ့ ကလေးရဲ့ မိဘတွေဟာ သိပ်အဆင်မပြေကြဘူးလို့ သူတို့ ပြောတာ တကယ်လို့ နင် ထင်လား"

m g y o e . c o m

လို့ သူက မေးတယ်။

ဒီအကြောင်းကို ကျွန်တော် တွေးကြည့်မိတယ်။ အကျိုးအကြောင်း ကျွန်တော် ဆက်စပ်တွေးကြည့်လို့ မရဘူး။

"နင် ဘယ်ကနေ့ ကြားတာလဲ"

လို့ ကျွန်တော် မေးလိုက်တယ်။

"ငါ့ကို တစ်ယောက် ပြောတာပဲ။ ကြာတော့ ကြာခဲ့ပါပြီ။ အဲဒီမိဘတွေဟာ တစ်ယောက်နဲ့ တစ်ယောက် အဆင်မပြေတော့ ကလေး တစ်ယောက် တည်းနဲ့ပဲ အဆုံးသတ်ရတယ်တဲ့။ ငါ ကြားခါစက စိတ်မကောင်း ဖြစ်မိတယ်"

"အင်း...." လို့ ကျွန်တော် ပြောလိုက်တယ်။

"နင့်အဖေနဲ့ အမေကကော တည့်ကြလား"

ကျွန်တော် သူ့မေးခွန်းကို ချက်ချင်း မဖြေနိုင်ပါဘူး။ ကျွန်တော် အဲဒီ အကြောင်းကို တစ်ခါမှ မစဉ်းစားဖူးဘူး။

"ငါ့အမေက ရုပ်ပိုင်းဆိုင်ရာ သိပ်ကြံ့ကြံ့ခိုင်ခိုင် ရှိတာ မဟုတ်ဘူး။ အဲဒါကြောင့်လည်း ကလေး နောက်တစ်ယောက် မယူတာ ဖြစ်ရင် ဖြစ်မှာပေါ့"

လို့ ကျွန်တော် ပြောလိုက်တယ်။

"အစ်ကို၊ ညီ၊ အစ်မ၊ ညီမ တစ်ယောက်ယောက် ရှိရင် ဘယ်လိုနေမလဲ လို့ နင် စဉ်းစားဖူးလား"

"မစဉ်းစားဖူးဘူး"

"ဘာလို့ မစဉ်းစားတာလဲ"

ကျွန်တော် စားပွဲပေါ်က ဓာတ်ပြားအိတ်ကို ကောက်ကိုင်လိုက်တယ်။ အိတ်ပေါ်က အရောင်က မည်းနက်လွန်းလို့ ဘာရေးထားလဲ ဆိုတာ ကျွန်တော် ဖတ်လို့ မရဘူး။ ကျွန်တော် ပြန်ချလိုက်ပြီး ကျွန်တော့် မျက်လုံးတွေကို လက်ကောက်ဝတ်နဲ့ အကြိမ်ပေါင်းများစွာ ပွတ်လိုက်မိတယ်။ ကျွန်တော့် အဖြေက သူ့ကို မပျော်စေသလို ဝမ်းလည်း မနည်းစေဘူး။ သူ့အတွက် ပဟေဠိဆန်သွားတာပဲ ရှိတယ်။ ကျွန်တော့်အတွက်တော့ တကယ့်ကို ရိုးသားလိုက်တာပါ။ အရိုးသားဆုံး အဖြေကို ပေးလိုက်တာပါ။

ကျွန်တော် ပြောချင်တာတွေက စကားအဖြစ် ပြောလိုက်တော့ ဗလုံးဗထွေးနဲ့ ရောယှက်သွားပြီး ကျွန်တော် တစ်သက်လုံး တော်က်လျှောက် ရှင်းပြ

mgyoe.com

 mgyobe.com SAMPLE BOOK 

နေရမယ့်ပုံစံ ဖြစ်လို့သွားတယ်။ ကျွန်တော် အရင်ဆုံး ပြောချင်တာက ဒီလိုပါ။ ဒီမှာ ထိုင်နေတဲ့ ကျွန်တော်ဟာ ညီ၊ အစ်ကို၊ မောင်၊ နှမ မရှိဘဲ မွေးဖွား ကြီးပြင်း လာခဲ့တယ် ဆိုတာပါ။ ကျွန်တော့်မှာသာ မွေးချင်းတွေ ရှိရင် အခု ထိုင်နေတဲ့ ကျွန်တော်နဲ့ တူမှာ မဟုတ်ပါဘူး။ ဒီတော့ ကျွန်တော့်အတွက် မွေးချင်းတွေ ရှိနေမယ် ဆိုရင် လက်ရှိ ကျွန်တော့်အတွက် သဘာဝမကျတော့ပါဘူး။ နောက် တစ်နည်း ပြောရရင် ကျွန်တော့်အမေ မေးခဲ့တဲ့ လိုရင်းမရောက်တဲ့ မေးခွန်းကို သတိရမိတယ်။

ကျွန်တော် ရှီမာမိုတိုကို ဖြေခဲ့တဲ့အတိုင်း ဖြေခဲ့ပါတယ်။ ကျွန်တော် စကားပြောနေတာကို သူ ဖြည်းဖြည်းလေး ထိုင်ကြည့်နေတယ်။ သူ့အမူအရာ အပြုအမူက လူတွေကို သူ့နား ဆွဲခေါ်နေသလိုပါပဲ။ နောက်တော့မှ ကျွန်တော် စဉ်းစားကြည့်မိတာက သူဟာ လူတစ်ယောက်ရဲ့ နှလုံးသား၊ နူးညံ့လွန်းတဲ့ ခံစားမှုကို ထုပ်ပိုးထားတဲ့ အလွှာတွေကို တစ်လွှာပြီး တစ်လွှာ ခွာနေတယ် ဆိုတာပါပဲ။ သူ့အမူအရာ နည်းနည်းလေး ပြောင်းလဲသွားတိုင်း သူ့နှုတ်ခမ်းဟာ မသိမသာလေး ပြောင်းလဲလို့ သွားတယ်။ သူ့ရဲ့ စူးရှရှ အကြည့်တွေနဲ့မျက်လုံး အောက်မှာ မှိန်ဖျော့ဖျော့ အလင်းရောင် တစ်ခု ရှိနေပါတယ်။ မှောင်မည်းနေတဲ့ အခန်းကျဉ်းကျဉ်းလေးထဲမှာ ဖယောင်းတိုင်မီးလေး ထွန်းထားသလိုပါပဲ။

"နင် ပြောတာကို ငါ နားလည်တယ်လို့ ထင်ပါတယ်"

လို့ သူက ရင့်ကျက် တည်ငြိမ်တဲ့ လေနဲ့ တိုးတိုးပြောတယ်။

"တကယ်လား"

"အင်း" လို့ သူ ဖြေတယ်။

"ဒီကမ္ဘာကြီးထဲမှာ ပြောင်းလို့ ရတာနဲ့ ပြောင်းလို့ မရတာ ဆိုပြီး နှစ်မျိုး ရှိတယ်။ အချိန်ကာလတစ်ခု ဖြတ်သွားတာနဲ့ အရာတစ်ခုကို အရင်အတိုင်း ရှိအောင် ပြန်လုပ်လို့ မရတော့ဘူး။ ဒီလောက်ထိ လာခဲ့ပြီးရင် နင် ပြန်လှည့်လို့ မရတော့ဘူး။ နင် အဲဒီလို မထင်ဘူးလား"

ကျွန်တော် ခေါင်းညိတ်လိုက်တယ်။

"အချိန်အတိုင်းအတာ တစ်ခုခု ဖြတ်ပြီးသွားရင် အရာဝတ္ထုတွေက မာကျောလို့ သွားတယ်။ ဥပမာအားဖြင့် ရေပုံးထဲက ဘိလပ်မြေလိုပေါ့။ ငါတို့ အရင် အခြေအနေကို ပြန်မရတော့ဘူး။ နင် ဆိုလိုချင်တာက နင့်ကို ပြောင်းလဲ

mgyoe.com SAMPLE BOOK

အောင် လုပ်လိုက်တာက ဘိလပ်မြေပဲ။ အရင်လို ပြန်မဖြစ်နိုင်တော့ ဆိုတာကိုပေါ့"

"ငါ ဆိုလိုချင်တာ အဲဒီလိုပဲ ထင်တယ်"

လို့ ကျွန်တော် မသေမချာ ပြောလိုက်တယ်။

ရှီမာမိုတိုဟာ သူ့လက်တွေကို နှစ်ခါလောက် ကြည့်လိုက်တယ်။

"တစ်ခါတလေ ငါ စပြီး စဉ်းစားနေတာတွေကို နင် သိလား။ ငါ အရွယ်ရောက်ပြီး အိမ်ထောင်ကျမယ့် အကြောင်းပေါ့။ ငါ ဘယ်လို အိမ်မျိုးမှာ နေရမလဲ။ ဘာတွေ လုပ်ရမလဲ ဆိုတာ စဉ်းစားမိတယ်။ ပြီးတော့ ကလေး ဘယ်နှယောက်ငါ ရမလဲ ဆိုတာကိုပေါ့"

"ဟား"

လို့ ကျွန်တော် အော်လိုက်တယ်။

"နင် အဲဒီလို မစဉ်းစားဖူးဘူးလား"

ကျွန်တော်ခေါင်းခါလိုက်တယ်။အသက်ဆယ့်နှစ်နှစ်အရွယ်ကောင်လေး တစ်ယောက်က အဲဒီအကြောင်းတွေကို ဘယ်လို စဉ်းစားမှာလဲ။

"နင် ကလေး ဘယ်နှယောက် လိုချင်တာလဲ"

ဆိုဖာနောက်ဘက်ပေါ် တင်ထားတဲ့ သူ့လက်ကို ခုတော့ သူ့ပေါင်ပေါ် တင်လိုက်တယ်။ သူ့လက်ချောင်းတွေက သူ့စကတ်ပေါ်က အကွက်တွေပေါ် ရွေ့နေတာကိုကျွန်တော်အကြောင်သားလိုက်ကြည့်နေမိတယ်။သူ့လက်ချောင်းတွေကနေ ထွက်နေတဲ့ မမြင်ရတဲ့ ကြိုးချည်မျှင်တွေဟာ အချိန်ရဲ့ သဘောတရား အသစ်တစ်ခုကို ချာချာလည်နေစေသလိုမျိုး သိချင်စဖွယ် ကောင်းလှတယ်။ ကျွန်တော် မျက်လုံးတွေ မှိတ်လိုက်တယ်။ အမှောင်ထဲမှာ ဝဲကတော့တွေက ကျွန်တော့်ဆီကို လာနေကြတယ်။ မရေမတွက်နိုင်တဲ့ ဝဲကတော့တွေက အသံမထွက်ဘဲ ပေါ်လာလိုက်၊ ပြန်ပျောက်သွားလိုက်နဲ့။ ဟိုးအဝေးမှာတော့ နတ်ကိုးကင်းဟာ 'နယ်ခြားတောင်ဘက်' (South of the Border) သီချင်းကို ဆိုလို့နေတယ်။ ဒီသီချင်းက မက္ကဆီကိုအကြောင်း ရေးထားတာပါ။ အဲဒီတုန်းကတော့ ကျွန်တော် ဘာမှန်း မသိပါဘူး။ နယ်ခြား တောင်ဘက် ဆိုတဲ့ စကားက ထူးခြားပြီး ဆွဲဆောင်မှု ရှိနေပါတယ်။ နယ်ခြား တောင်ဘက်က ကျွန်တော့်ကို တကယ်

mgyoe.com

mgyoe.com SAMPLE BOOK


ဆွဲခေါ်သွားပါတယ်။ ကျွန်တော် မျက်လုံးတွေ ဖွင့်လိုက်တော့ ရှီမာမိုတိုဟာ သူ့စကတ်ပေါ်မှာ လက်ချောင်းတွေ ရွှေ့နေတုန်းပါပဲ။ ကျွန်တော့် ခန္ဓာကိုယ်ရဲ့ အတွင်းနက်နက် တစ်နေရာမှာ ချိုသာသော နာကျင်မှုတစ်ခုကို သိမ်မွေ့စူးရှစွာ ခံစားနေရတာ ကျွန်တော် သိလိုက်တယ်။

"အဲဒါ ထူးခြားတယ်။ ငါ ကလေးတွေအကြောင်း စဉ်းစားလိုက်တာ ငါ ကလေးတစ်ယောက်ပဲ မွေးမယ် ဆိုတာ မြင်ယောင်နေတယ်။ ငါ ကလေး ရမယ် ဆိုတာတော့ မြင်ယောင်နေတယ်။ ငါဟာ ကလေးတစ်ယောက် အမေ ဖြစ်လိမ့်မယ်။ အဲဒီအတွက် ငါ့မှာ ပြဿနာမရှိဘူး။ ငါ့ကလေးမှာ ညီအစ်ကို မောင်နှမတွေ ရှိမှာတော့ ငါ မြင်ယောင်လို့ မရဘူး။ အဲဒါ တစ်ဦးတည်းသော ကလေးပဲ"

❑

သူဟာ အရွယ်နဲ့ မလိုက်အောင် ထက်မြက်တဲ့ ကလေးတစ်ယောက် ဆိုတာ သံသယဝင်စရာ မလိုဘူး။ သူဟာ ကျွန်တော့်ကို ဆန့်ကျင်ဘက်လိင် တစ်ယောက် အနေနဲ့ ဆွဲဆောင်မှု ရှိနေတယ် ဆိုတာကို ကျွန်တော် သိနေတယ်။ ကျွန်တော့်ကို ပြန်တုံ့ပြန်နေစေတဲ့ ခံစားမှုမျိုးပေါ့။ ဒီခံစားမှုတွေကို ကျွန်တော် ဘယ်လို ရှင်းရမလဲ ဆိုတာ ကျွန်တော် မသိဘူး။ ရှီမာမိုတိုလည်း အဲဒီလို ဖြစ်လိမ့်မယ် ဆိုတာ ကျွန်တော် သံသယဝင်မိတယ်။ ကျွန်တော်တို့ ခဏလောက် လက်ချင်း ကိုင်ထား လိုက်တယ်။ သူက ကျွန်တော့်ကို တစ်နေရာ ခေါ်သွားပြီး ပြောစရာရှိသလို လက်ကို ဆွဲကိုင်လိုက်တယ်။ ဒီလမ်းအတိုင်း မြန်မြန်လာ။ ကျွန်တော်တို့ နှစ်ယောက် ဆယ်စက္ကန့်လောက် လက်ချင်း ကိုင်ထားတယ်။ ကျွန်တော့်အတွက်တော့ မိနစ် သုံးဆယ်လောက် ကြာသလိုပါပဲ။ သူ ကျွန်တော့်လက်ကို လွှတ်လိုက်တော့ ကျွန်တော် ရုတ်တရက် သတိလစ်သွား သလိုပါပဲ။ သူဟာ ကျွန်တော့်လက်ကို ကိုင်ချင်တာ သေလုမတတ် ဖြစ်နေတဲ့ ပုံစံမျိုးနဲ့ သဘာဝကျကျ ကိုင်လိုက်တာပါ။

သူ့လက်ရဲ့ ခံစားမှုဟာ ကျွန်တော့်ဆီက ဘယ်တော့မှ ထွက်မသွားဘူး။ ကျွန်တော် ကိုင်ဖူးသမျှ လက်တွေနဲ့ ကွာသလို ကျွန်တော် သိသမျှ အထိအတွေ့တွေ နဲ့လည်း ကွာခြားတယ်။ ဆယ့်နှစ်နှစ်အရွယ် ကောင်မလေးရဲ့ သေးငယ် နွေးထွေး တဲ့ လက်ကလေး ဖြစ်ပေမယ့် ကျွန်တော့်အတွက် သိချင်တာတွေ၊ သိသင့်တာတွေ

mgyoe.com

အကုန်လုံးကို အပြည့်အသိပ် ထည့်ထားတဲ့ ပြခန်း အခင်းအကျင်း တစ်ခုလိုပါပဲ။ ကျွန်တော့်လက်ကို ကိုင်လိုက်ခြင်းနဲ့ သူက အဲဒါတွေ အားလုံးကို ပြလိုက်သလို ပါပဲ။ တကယ့် ကမ္ဘာလောကကြီးထဲမှာလည်း အဲဒီနေရာဟာ တကယ် ရှိနေသလို ပါပဲ။ အဲဒီ ဆယ်စက္ကန့်တာလေးရဲ့ ကောင်းကင်ထက်မှာ လေပြင်းပြင်းထဲ တောင်ပံ တဖျပ်ဖျပ် ခတ်လို့ ပျံသွားတဲ့ ငှက်ကလေးတစ်ကောင် ရှိတာကို ကျွန်တော် သိတယ်။ ဟိုးကောင်းကင် အမြင့်ကြီးမှာ မြင်ကွင်းတစ်ခုကို ကျွန်တော် မြင်လိုက် တယ်။ ဝေးလွန်းလို့ ကျွန်တော် ကွဲကွဲပြားပြား မမြင်ရဘူး။ ဒါပေမဲ့ တစ်နေ့နေ့မှာ အဲဒီနေရာကို ကျွန်တော် ခရီးသွားရမယ် ဆိုတာ ကျွန်တော် ကောင်းကောင်း သိနေတယ်။ အဲဒီမြင်ကွင်းလေးက ကျွန်တော့်ကို အသက်မရှုစေလောက်အောင် ဖြစ်စေပြီး ကျွန်တော့် ရင်ဘတ်ကို တုန်ခါစေပါတယ်။

ကျွန်တော် အိမ်ပြန်ရောက်တော့ ထိုင်ခုံမှာ ထိုင်ပြီး ရှီမာမိုတို ကိုင်ခဲ့တဲ့ ကျွန်တော့်လက်ချောင်းတွေကို အချိန်အကြာကြီး ထိုင်ကြည့်နေမိပါတယ်။ သူ ကျွန်တော့်လက်ကို ကိုင်ခဲ့တဲ့အတွက် ကျွန်တော် ကျေနပ်ပီတိ ဖြစ်လို့နေတယ်။ သူ့ရဲ့ နူးညံ့တဲ့ အထိအတွေ့က ကျွန်တော့် နှလုံးသားကို နေ့ပေါင်းများစွာ နွေးထွေး စေခဲ့တယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ ကျွန်တော့်ကို စိတ်ရှုပ်ထွေးစေပြီး ဇဝေဇဝါ ဖြစ်နေစေခဲ့တယ်။ ဝမ်းနည်းစေသလိုမျိုးပဲ။ ဒီနွေးထွေးမှုကို ကျွန်တော် ဘယ်လို ခေါ်ရမလဲ။

ကျွန်တော်တို့ မူလတန်းပြီးတော့ ကျွန်တော်နဲ့ ရှီမာမိုတိုဟာ ဂျူနီယာ ဟိုက်စကူးကို တစ်ယောက် တစ်ကျောင်းစီ တက်ရတယ်။ အဲဒီအချိန်ထိ နေခဲ့ ရတဲ့ မြို့ကနေ နောက်တစ်မြို့ကို ကျွန်တော် ပြောင်းခဲ့ရတယ်။ ကျွန်တော်က နောက်တစ်မြို့လို့သာ ပြောပေမယ့် တကယ်တော့ ကျွန်တော် ကြီးပြင်းခဲ့တဲ့ မြို့နဲ့ နှစ်ဘူတာပဲ ဝေးပါတယ်။ အိမ်ပြောင်းပြီးခါစ ပထမ သုံးလမှာ ကျွန်တော် သူ့ဆီကို သုံး လေးခါလောက် သွားလည်ခဲ့တယ်။ အဲဒီလောက်ပါပဲ။ နောက်တော့ ကျွန်တော် သွားမတွေ့ ဖြစ်တော့ဘူး။ ကျွန်တော်တို့ သင့်တင့်တဲ့ အရွယ် ရောက် လာခဲ့ပါပြီ။ ကျွန်တော်တို့ ကျောင်းမတူတော့သလို နေတဲ့ နေရာလည်း နှစ်ဘူတာ လောက် ဝေးသွားတဲ့အတွက် ကျွန်တော်တို့ရဲ့ ကမ္ဘာတွေဟာ လုံးဝ ခြားနား သွားသလို ကျွန်တော် ခံစားခဲ့ရတယ်။ ကျွန်တော်တို့ရဲ့ သူငယ်ချင်းတွေ၊ ဝတ်ရတဲ့ ယူနီဖောင်းတွေနဲ့ ကျောင်းစာအုပ်တွေ မတူတော့ပါဘူး။ ကျွန်တော့် ခန္ဓာကိုယ်၊

mgype.com

mgyoe.com SAMPLE BOOK


အသံ၊ စဉ်းစားပုံတွေက ရုတ်တရက် ပြောင်းလဲလာခဲ့ပြီး မမျှော်လင့်တဲ့ ခွကျမှုတွေက ကျွန်တော်တို့ တည်ဆောက်ခဲ့တဲ့ ရင်းနှီးတဲ့ ကမ္ဘာကို ခြိမ်းခြောက်ခဲ့တယ်။ ရှီမာမိုတိုလည်း စိတ်ပိုင်းဆိုင်ရာရော ရုပ်ပိုင်းဆိုင်ရာပါ ပြောင်းလဲသွားခဲ့ပါပြီ။ အဲဒါတွေအားလုံးက ကျွန်တော့်ကို မသက်မသာ ဖြစ်စေပါတယ်။ သူ့အမေကလည်း ကျွန်တော့်ကို ထူးဆန်းသလို ကြည့်ပါတယ်။ ဒီကောင်လေး ဘာလို့ လာနေသေးတာလဲလို့ သူ ကျွန်တော့်ကို ပြောချင်နေပုံပါ။ သူက ဒီနားမှာ နေတော့တာလည်း မဟုတ်ဘူး။ ကျောင်းလည်း မတူတော့ဘူး။ ကျွန်တော် အကဲဆတ်လွန်းတာလည်း ဖြစ်နိုင်ပါတယ်။

ဒီလိုနဲ့ ကျွန်တော်နဲ့ ရှီမာမိုတိုဟာ သီးခြားစီ ကြီးပြင်းလာခဲ့တယ်။ ကျွန်တော် သူ့ကို သွားမတွေ့တော့ပါဘူး။ အဲဒါကလည်း အမှား ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ (ဖြစ်ကောင်းဖြစ်နိုင်တယ် ဆိုတာ ကျွန်တော် အခု စဉ်းစားလို့ရတဲ့ စကားလုံးပါ။ ကျွန်တော့် အလုပ်က အတိတ်က မှတ်ဉာဏ် ပမာဏကို ပြန်စဉ်းစားပြီး မှန်တယ်၊ မှားတယ် ဆုံးဖြတ်ဖို့ မဟုတ်ဘူးလို့ ထင်ပါတယ်။) ကျွန်တော် သူနဲ့ နီးနိုင်သမျှ နီးအောင် နေခဲ့သင့်ပါတယ်။ ကျွန်တော် သူ့ကို လိုအပ်ခဲ့တယ်။ သူလည်း ကျွန်တော့်ကို လိုအပ်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ ကိုယ့်ကိုယ်ကိုယ် သတိထားမှုက အားကောင်းလွန်းပြီး ကျွန်တော် နာကျင်ရမှာကို အရမ်းကြောက်ခဲ့တယ်။ ကျွန်တော် သူ့ကို နောက်ထပ် ဘယ်တော့မှ မတွေ့ခဲ့ဘူး။ နောက်ထပ် နှစ်ပေါင်းများစွာ ကြာတဲ့ အထိပေါ့။ ဒါပါပဲ။

ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက်တွေ့တာ ရပ်ပြီးတဲ့ နောက်တောင် ကျွန်တော် သူ့ကို ချစ်ခင်စိတ်နဲ့ တွေးမိနေတုန်းပါပဲ။ သူနဲ့ ပတ်သက်တဲ့ မှတ်ဉာဏ်က ကျွန်တော့်ကို အားပေးတယ်။ နှစ်သိမ့်ခဲ့တယ်။ အရွယ်ရောက်တဲ့ နှစ်တွေရဲ့ စိတ်ရှုပ်ထွေး နာကျင်နေချိန်တွေမှာပေါ့။ အချိန် တော်တော်ကြာအောင် ကျွန်တော့်နှလုံးသားထဲမှာ သူ့အတွက် အထူးတစ်နေရာ ချန်ပေးထားခဲ့ပါတယ်။ ကျွန်တော် သူ့အတွက် အထူးနေရာကို စားသောက်ဆိုင်က စားပွဲတွေပေါ်မှာ တွေ့ရလေ့ရှိသလို 'Reserved' လို့ ရေးပြီး ချန်ထားတာပါ။ ဒါပေမဲ့ တစ်ဖက်မှာလည်း ကျွန်တော် သူ့ကို ဘယ်တော့မှ ထပ်တွေ့ ရတော့မှာ မဟုတ်ဘူး ဆိုတာ သေချာနေခဲ့တယ်။

ကျွန်တော် ဆယ့်နှစ်နှစ် အရွယ်မှာ သူနဲ့ သိခဲ့စဉ်က ကျွန်တော့်မှာ ဘယ်လိုမှ လိင်ပိုင်းဆိုင်ရာ ခံစားမှု၊ တပ်မက်စိတ် တစ်ခုမှ မရှိခဲ့ပါဘူး။ ဒါပေမဲ့

mgyoe.com

mgyoe.com  SAMPLE BOOK 

ကျွန်တော် အမှန်အတိုင်း ဝန်ခံရရင် သူ့ရဲ့ မို့မောက်စပြုနေတဲ့ ရင်သား ပုံစံနဲ့ သူ့ရဲ့ စကတ်အောက်မှာ ဘာရှိမလဲ ဆိုတာ ကျွန်တော် စိတ်ဝင်စားခဲ့ပါတယ်။ ဒါပေမဲ့ အဲဒါဟာ ဘာအဓိပ္ပာယ်၊ ဘယ်အထိ ရောက်သွားနိုင်တယ် ဆိုတာ ကျွန်တော် တကယ် မသိခဲ့ပါဘူး။

ကျွန်တော် နားရွက်တွေကို အာရုံစိုက် ထောင်ပြီး မျက်လုံးတွေကို မှိတ်လို့ သေချာတဲ့ နေရာလေးတစ်ခုကို မြင်ယောင်နေမိတယ်။ ကျွန်တော် မြင်ယောင်ကြည့်နေတဲ့ နေရာလေးဟာ မပြည့်စုံသေးပါဘူး။ မြူခိုးတွေကြား၊ ဟိုးအဝေးမှာ ကောက်ကြောင်းတွေက ပိုးတဝါးပဲ ရှိပါသေးတယ်။ ဒါပေမဲ့ အဲဒီမှာ ကျွန်တော့်အတွက် အသက်တမျှ အရေးကြီးတဲ့ အရာတစ်ခုက စောင့်ကြည့်နေတာကို ကျွန်တော် သိတယ်။ ရှီမာမိုတိုကလည်း အဲဒီနေရာကို စောင့်ကြည့်နေတာ ကျွန်တော် သိတယ်။

ကျွန်တော်တို့ နှစ်ယောက်စလုံးဟာ အပိုင်းအစ ဖြစ်တည်မှုတွေ အဖြစ်သာ ရှိနေသေးပြီး မမျှော်လင့်တာတွေကို စောင့်ဆိုင်းနေရတုန်း၊ နှစ်ယောက် ပေါင်းလိုက်မှ တစ်ခု ဖြစ်သွားမယ် ဆိုတာကို သိနေကြတယ်။ ကျွန်တော်တို့ နှစ်ယောက်ဟာ တစ်ခါမှ မမြင်ဖူးတဲ့ တံခါးတစ်ချပ်ရှေ့မှာ ရပ်လို့ နေတယ်။ ကျွန်တော်တို့ နှစ်ယောက်တည်းပဲ။ မှုန်ဝါးဝါး အလင်းရောင်အောက်မှာ။ ကျွန်တော်တို့ နှစ်ယောက်ဟာ ဖျတ်ခနဲ ကုန်သွားတဲ့ ဆယ်စက္ကန့် ဆိုတဲ့ ညအချိန် အတိုင်းအတာထိ လက်ကို ကျစ်ကျစ်ဆုပ်ကိုင်ထားကြတယ်။

• • •

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၂ )

အထက်တန်းကျောင်းမှာ ကျွန်တော်ဟာ သာမန် ဆယ်ကျော်သက်တစ်ယောက်ပါပဲ။ ကျွန်တော့်ဘဝရဲ့ ဒုတိယပိုင်းပေါ့။ ကျွန်တော်ဟာ သူများနဲ့ မတူဘူး ဆိုတဲ့ အထင်ကို ပယ်ရှားပြီး ပုံမှန်အတိုင်း ပြန်ဖြစ်လာတဲ့ ကျွန်တော့်ဘဝရဲ့ ဆင့်ကဲပြောင်းလဲမှု ဖြစ်စဉ်လည်း ဖြစ်တယ်။ ကျွန်တော့်မှာ ကိုယ်ပိုင်ပြဿနာတွေ မရှိဘူးလို့ ပြောတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဆယ့်ခြောက်နှစ်သား တစ်ယောက်မှာ ဘယ်လောက် ကြီးတဲ့ ပြဿနာတွေ ရှိနိုင်မှာမို့လဲ။ တဖြည်းဖြည်းချင်း ကျွန်တော်ဟာ ကမ္ဘာကြီးနဲ့ ပိုနီးလာတယ်။ ကမ္ဘာကြီးက ကျွန်တော့်ကို သူနဲ့ ပိုနီးအောင် ဆွဲခေါ်ခဲ့တယ်။

ဒီအချိန်မှာတော့ ကျွန်တော်ဟာ သေးသေးညှက်ညှက် တစ်ဦးတည်းသော ကလေးတစ်ယောက် မဟုတ်တော့ဘူး။ ဂျူနီယာ အထက်တန်းက စလို့ အိမ်နားက ရေကူးကန်မှာ ကျွန်တော် ရေစကူးခဲ့တယ်။ ကျွန်တော်ဟာ လက်ပစ်ကူးတာကို ကျွမ်းကျင်လာခဲ့ပြီး တစ်ပတ်ကို နှစ်ကြိမ် ရေကူးလေ့ရှိတယ်။ ကျွန်တော့် ပခုံးသားတွေနဲ့ ရင်ဘတ်ဟာ ပြည့်ကားလာခဲ့ပြီး ကျွန်တော့်

mgyoe.com

ကြွက်သားတွေဟာ မာကျော တောင့်တင်းလာတယ်။ ကျွန်တော်ဟာ ဖျားနာလွယ်တတ်ပြီး အိပ်ရာပေါ် လဲနေလေ့ရှိတဲ့ ကောင်လေးတစ်ယောက် မဟုတ်တော့ဘူး။ ကျွန်တော်ဟာ ရေချိုးခန်းထဲက မှန်ရှေ့မှာ ဝတ်လစ်စားလစ် ရပ်ကြည့်ရင်း ကျွန်တော့်ခန္ဓာကိုယ်ရဲ့ ချောင်ကြိုချောင်ကြား နေရာမျိုးစုံကို စိစစ်ကြည့်ရှုလေ့ ရှိတယ်။

ကျွန်တော့် မျက်စိရှေ့မှာတင် လျင်မြန်တဲ့ ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုတွေ ဖြစ်လို့လာခဲ့တယ်။ အဲဒါကို ကျွန်တော် ပျော်တယ်။ ကျွန်တော် အရွယ်ရောက်တဲ့သူ ဖြစ်လာတာကို စိတ်မလှုပ်ရှားဘူးလို့ ပြောတာ မဟုတ်ဘူးနော်။ ကျွန်တော့် ခန္ဓာကိုယ် အပြောင်းအလဲကို ကိုယ့်မျက်စိနဲ့ ကိုယ် မြင်နေရတာ သဘောကျမိတာပဲ ဖြစ်တယ်။ ကျွန်တော်ဟာ လူသစ်တစ်ယောက် ဖြစ်လာနိုင်ခဲ့ပြီ။

ကျွန်တော် စာဖတ်ရတာနဲ့ ဂီတ နားထောင်ရတာကို ချစ်မြတ်နိုးတယ်။ ကျွန်တော် စာအုပ်တွေကို အမြဲကြိုက်ခဲ့တယ်။ ကျွန်တော့်ရဲ့ စာအုပ်တွေပေါ် နှစ်သက်မှုဟာ ရှီမာမိုတိုနဲ့ သူငယ်ချင်း ဖြစ်ပြီးတဲ့နောက်မှာ ပိုလို့ ကြီးမားလာခဲ့တယ်။ ကျွန်တော် စာကြည့်တိုက်ကို သွားတတ်လာခဲ့တယ်။ လက်ထဲမှာ ရှိသမျှ စာအုပ်တိုင်းကို နှစ်ခြိုက်ခုံမင်စွာ ဖတ်ပစ်တတ်တယ်။ ကျွန်တော် စာအုပ်တစ်အုပ်ကို စဖတ်လိုက်ပြီ ဆိုတာနဲ့ အဲဒီစာအုပ်ကို လက်ကနေ မချနိုင်တော့ဘူး။ စာဖတ်တာဟာ စွဲလမ်းမှုတစ်ခုလို ဖြစ်လာခဲ့တယ်။ ကျွန်တော် အစာ စားရင်းလည်း ဖတ်တယ်၊ ရထားပေါ်မှာလည်း ဖတ်တယ်၊ အိပ်ရာထဲ ရောက်တဲ့အထိလည်း ဖတ်တယ်၊ ကျောင်းမှာ ဆိုရင်လည်း အတန်းထဲမှာ စာအုပ်ကို ဝှက်ထားပြီး ဖတ်လေ့ရှိတယ်။

နောက် သိပ်မကြာခင် ကျွန်တော် စတီရီယို ဓာတ်စက်အသေးလေးတစ်လုံး ဝယ်လိုက်နိုင်လို့ ကျွန်တော့် အခန်းထဲမှာ တစ်ချိန်လုံး ဂျက်ဇ်ဂီတတွေ နားထောင်နေခဲ့တယ်။

ဒါပေမဲ့ စာဖတ်တာနဲ့ ဂျက်ဇ်ဂီတ နားထောင်တာကနေ ရတဲ့ ကျွန်တော့်ရဲ့ အတွေ့ကြုံတွေကို ဘယ်သူ့ကိုမှ ပြောပြချင်စိတ် မရှိဘူး။ ဘယ်သူမှ မရှိဘဲ ကျွန်တော် တစ်ယောက်တည်း နေရတာကို ကျွန်တော် ပျော်လာတယ်။ ပြောရရင်တော့ ကျွန်တော်ဟာ အထီးကျန်သမား ဖြစ်ရတာကို ကြိုက်တဲ့ တစ်ယောက်ပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

အသင်းလိုက် လုပ်ရတဲ့ အားကစားတွေကို ကျွန်တော် သဘောမကျဘူး။ သူများဆီကနေ အမှတ်ရအောင် ယူရတဲ့ အားကစားနည်းတွေကိုလည်း ကျွန်တော် မကြိုက်ဘူး။ ကျွန်တော် တစ်ယောက်တည်း တိတ်ဆိတ်စွာ ရေကူးနေရတာကို ပိုသဘောကျတယ်။

ကျွန်တော်ဟာ လုံးဝ တစ်ကိုယ်တည်း အထီးကျန်သမားတော့ မဟုတ်ပါဘူး။ ကျောင်းမှာ ကျွန်တော်နဲ့ နီးစပ်တဲ့ သူငယ်ချင်းတချို့တော့ ရှိပါတယ်။ အရေအတွက် နည်းနည်းလေးရယ်ပါ။ ကျောင်းကို ကျွန်တော် မုန်းခဲ့တယ်။ သူငယ်ချင်းတွေက ကျွန်တော့်ကို ခြေမွလိုက်မယ်လို့ တစ်ချိန်လုံး ကျွန်တော် ခံစားနေရတာကြောင့် ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ အမြဲ အသင့်ပြင်ထားလေ့ ရှိတယ်။ အဲဒါက ကျွန်တော့်ကို ပိုမာကျောစေတယ်။ သူငယ်ချင်းတွေကြောင့်သာ မဟုတ်ရင် အန္တရာယ်များပြီး သစ္စာဖောက်တတ်တဲ့ ဆယ်ကျော်သက် နှစ်တွေမှာ ကျွန်တော် အမာရွတ်တွေ ပိုရနိုင်ခဲ့တယ်။

ရေစကူးကတည်းက ကျွန်တော် စားတဲ့ အစားအသောက် မှန်သမျှကိုလည်း ကြေးမများတော့ဘူး။ ကောင်မလေးတွေနဲ့ စကားပြောဖို့လည်း ရှိုးတိုးရှန့်တန့် မဖြစ်တော့ဘူး။ ကျွန်တော်ဟာ တစ်ဦးတည်းသော သား ဖြစ်ပေမယ့် ဘယ်သူကမှ အဲဒီအကြောင်းကို နှစ်ခါ ပြန်မစဉ်းစားကြတော့ဘူး။ အနည်းဆုံးတော့ အပြင်ပန်းက ကြည့်ရင် ကျွန်တော်ဟာ တစ်ဦးတည်းသောသား ဖြစ်ခြင်း ကျိန်စာကနေ ကိုယ့်ကိုယ်ကိုယ် လွတ်မြောက်ခဲ့စေပြီလို့ ထင်ရပါတယ်။

ပြီးတော့ ကျွန်တော့်မှာ ရည်းစားတစ်ယောက် ရှိနေပြီ။

❑

သူဟာ ထူးထူးခြားခြား မလှပါဘူး။ အတန်းလိုက် စုရိုက်တဲ့ ဓာတ်ပုံကို ကြည့်ရင်း ခင်ဗျားအမေက ကျောင်းမှာ ဒီကောင်မလေး အချောဆုံးလို့ ပြောမယ့် ရုပ်မျိုး မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော် သူ့ကို အရင်ဆုံး စတွေ့တော့ သူဟာ ချစ်ဖို့ကောင်းတယ်လို့ ကျွန်တော် ခံစားမိခဲ့တယ်။ ဓာတ်ပုံထဲမှာတော့ သူဟာ လူတွေကို ချက်ချင်း ဆွဲဆောင်နိုင်တဲ့ နွေးထွေးမှု ရှိတာကို မမြင်ရနိုင်ပါဘူး။ သူဟာ ကျွန်တော် ကြွားရလောက်အောင် မလှပါဘူး။ ကျွန်တော်ကလည်း ထူးထူးကဲကဲ သတိပြုမိလောက်စရာ တစ်ယောက်မှ မဟုတ်တာ။

mgyoe.com

သူနဲ့ ကျွန်တော်ဟာ ဟိုက်စကူး အငယ်တန်းနှစ်မှာ စာသင်ခန်း တစ်ခန်းတည်း အတူ တက်ခဲ့ရပါတယ်။ ကျွန်တော်တို့ မကြာခဏ အပြင်မှာ ချိန်းတွေ့လေ့ ရှိခဲ့ကြတယ်။ ပထမတော့ နှစ်တွဲချိန်းပြီး တွေ့ကြတာပေါ့။ နောက်တော့ ကျွန်တော်တို့ နှစ်ယောက်ပဲ တွေ့ဖြစ်တော့တယ်။ ဘာအကြောင်းကြောင့်ပဲ ဖြစ်ဖြစ် ကျွန်တော် သူနဲ့ အတူရှိနေရတာ စိတ်သက်သောင့်သက်သာ ရှိတယ်။ ကျွန်တော် ဘာမဆို ပြောနိုင်တယ်။ သူက စိတ်ဝင်တစား အလေးထား နားထောင်တယ်။ ကျွန်တော်ဟာ တောင်စဉ်ရေမရတွေ ဗလုံးဗထွေး ပြောနေတတ်ပေမယ့် သူ့မျက်နှာ အမူအရာကတော့ သမိုင်းလမ်းကြောင်းကို ပြောင်းလဲ လိုက်စေနိုင်တဲ့ ထူးခြားတဲ့ မဟာတွေ့ရှိမှုကြီးကို ကြားနေရသလို ပုံစံမျိုးလိုပဲ။ ကျွန်တော် ပြောသမျှကို သဘောကျ နားထောင်တာ ရှိမာမိုတို ပြီးရင် သူက ပထမဆုံးပါပဲ။ ကျွန်တော့်ဘက်ကလည်း ကျွန်တော် သိသင့်သမျှ သူ့အကြောင်းတွေကို သိချင်နေခဲ့တယ်။ သူ နေ့စဉ် ဘာတွေ စားလဲ၊ သူ ဘယ်လို အခန်းမျိုးမှာ နေလဲ စသည်ဖြင့်ပေါ့။ သူ့အခန်း ပြတင်းပေါက်ကနေ ဘာတွေ မြင်ရလဲ။

သူ့နာမည်က အီဇူမိပါ။ နင့်နာမည်က ချစ်စရာပဲလို့ ပထမဆုံး အကြိမ် ကျွန်တော်တို့ လမ်းလျှောက်တော့ ပြောလိုက်တယ်။ ဂျပန်လို ဆိုရင် 'တောင်ပေါ်နှင်း'လို့ အဓိပ္ပာယ်ရပါတယ်။ ပုဆိန်တစ်လက် ပစ်လိုက်တာနဲ့ နတ်သမီး တစ်ပါး ထွက်လာတာ မြင်ရမှာပေါ့ လို့ နတ်သမီး ပုံပြင်တစ်ပုဒ်ကို အမှတ်ရရင်း ကျွန်တော် ပြောလိုက်တယ်။ သူ ရယ်တယ်။ အီဇူမိမှာ သူ့ထက် သုံးနှစ်ငယ်တဲ့ ညီမတစ်ယောက်နဲ့ ငါးနှစ်ငယ်တဲ့ မောင်တစ်ယောက် ရှိတယ်။ သူ့အဖေက သွားဆရာဝန်တစ်ယောက် ဆိုတော့ သူတို့ သီးသန့်လုံးချင်းအိမ်နဲ့နေပြီး ခွေးတစ်ကောင် မွေးထားတာ အံ့သြစရာ မဟုတ်ပါဘူး။ ခွေးနာမည်က ကားလ်မက်စ်ကို အစွဲပြုပြီး ပေးထားတာ။ ယုံချင် ယုံ၊ မယုံချင် နေ။ သူ့အဖေက ဂျပန် ကွန်မြူနစ်ပါတီ အဖွဲ့ဝင်တစ်ယောက်ပါ။ ကမ္ဘာကြီးထဲမှာ ကွန်မြူနစ် သွားဆရာဝန်တွေ ရှိနိုင်ပါတယ်၊ ဒါပေမဲ့ သူတို့အားလုံးရဲ့ အရေအတွက်က ဘတ်စ်ကား လေး ငါးစင်း စာလောက်ပဲ ရှိမှာပါ။ ဒီတော့ ကျွန်တော့် ကောင်မလေးရဲ့ အဖေဟာ အဲဒီလို ရှားပါးတဲ့ မျိုးစိတ်တစ်ခု ဖြစ်နေတာ တော်တော်တော့ ထူးဆန်းတယ်လို့ ကျွန်တော် ခံစားမိတယ်။ အီဇူမိရဲ့ မိဘတွေဟာ တင်းနစ်ကို စွဲလမ်း ရူးသွပ်ကြသူတွေပေါ့။ တနင်္ဂနွေဆိုရင် သူတို့မိသားစုကို ရက်ကက် ကိုယ်စီ ကိုင်လို့ တင်းနစ်ကွင်း သွားနေတာ တွေ့ပါလိမ့်မယ်။ တင်းနစ် ရူးတဲ့ ကွန်မြူနစ် သွားဆရာဝန်...

mgyoe.com

mgyoe.com SAMPLE BOOK


ဘယ်လောက် ထူးဆန်းတဲ့ အတွဲအစပ်လဲနော်။ အီဇူမိက နိုင်ငံရေးကို စိတ်မဝင်စားပါဘူး။ ဒါပေမဲ့ သူ့မိဘတွေကို ချစ်တဲ့အတွက် တနင်္ဂနွေဆိုရင် တင်းနစ်ကွင်းကို မကြာခဏ လိုက်လေ့ရှိတယ်။ သူ ကျွန်တော့်ကို တင်းနစ် ကစားစေဖို့ ကြိုးစားပါသေးတယ်။ ဒါပေမဲ့ တင်းနစ်ဟာ ကျွန်တော့် ကျွမ်းကျင်မှု မဟုတ်ပါဘူး။

ကျွန်တော် တစ်ဦးတည်းသော သား ဖြစ်တာကို သူ မနာလို ဖြစ်တယ်။ သူက သူ့ညီမ၊ သူ့မောင်နဲ့ သိပ်အစေးမကပ်လှဘူး။ သူ့စကားအရ ဆိုရင်တော့ အဲဒီနှစ်ယောက်ဟာ နှလုံးသား မရှိတဲ့ ငတုံးတွေ၊ သူတို့ကို တစ်သက်လုံး ထပ်မတွေ့ရရင်လည်း ဖြစ်တယ်လို့ သိရတယ်။ ငါ တစ်ယောက်တည်း နေချင်တယ်။ ငါ ကြိုက်သလိုပေါ့။ ငါ ဘာလုပ်လုပ် အာရုံနောက်မယ့်သူ မရှိဘဲ နေချင်တယ်လို့ သူက ကျွန်တော့်ကို ပြောတယ်။

ကျွန်တော်တို့ တတိယမြောက် ချိန်းတွေ့တဲ့ အချိန်မှာ ကျွန်တော် သူ့ကို နမ်းလိုက်တယ်။ အဲဒီနေ့ သူ ကျွန်တော့် အိမ်ကို လိုက်လာခဲ့တယ်။ ကျွန်တော့် အမေက ဈေးဝယ်ထွက်နေတော့ ကျွန်တော်တို့ နှစ်ယောက်တည်း နေဖို့ နေရာရခဲ့တယ်။ ကျွန်တော် သူ့မျက်နှာနား တိုးပြီး ကျွန်တော့် နှုတ်ခမ်းကို သူ့နှုတ်ခမ်းနဲ့ ထိလိုက်တယ်။ သူ မျက်လုံးမှိတ်ထားပြီး တိတ်ဆိတ်လို့ နေတယ်။ သူသာ ဒေါသထွက်သွားမယ် ဆိုရင် ကျွန်တော် အကြိမ်ပေါင်း တစ်ဒါဇင်လောက်တောင်းပန်ဖို့ ကြိုတင်တွေးပြီးသား။ ဒါပေမဲ့ တောင်းပန်ဖို့ မလိုခဲ့ဘူး။ ကျွန်တော့်နှုတ်ခမ်းက သူ့နှုတ်ခမ်းပေါ်မှာ၊ ကျွန်တော် လက်တစ်ဖက်နဲ့ သူ့ကို ဖက်ပြီး အနားရောက်အောင် ဆွဲယူလိုက်တယ်။ နွေရာသီ ကုန်ခါနီးနေတဲ့ အချိန်ပါ။ သူဟာ အတွန့်တွန့်လေးတွေပါတဲ့ အင်္ကျီအပါး အရှည်ကို ဝတ်ထားတယ်။ ခါးမှာ ကြိုးချည်လို့ ထားတယ်။ အဲဒီကြိုးက သူ့နောက်မှာ အမြီးလို ကျနေတယ်။ ကျွန်တော့်လက်က သူ့ဘရာစီယာပေါ်ကို ကိုင်လိုက်တယ်။ သူ ကျွန်တော့် လည်ပင်းပေါ်မှာ သက်ပြင်းမှုတ်ထုတ်လိုက်တယ်။ ကျွန်တော့်နှလုံးသားဟာ ကျွန်တော့် ခန္ဓာကိုယ်ထဲကနေ ခုန်ထွက်သွားတော့မလိုပဲ။ ကျွန်တော့် လိင်တံက ပေါက်ကွဲထွက်တော့လောက်အောင် မာကျောနေပြီး သူ့ပေါင်ကို ထိလို့ နေတယ်။ သူ တစ်ဖက်ကို နေရာရွှေ့လိုက်တယ်။ ဒါပေမဲ့ ဒီလောက်ပါပဲ။ သူ စိတ်ဆိုးပုံ မရဘူး။

ကျွန်တော်တို့ ဆိုဖာပေါ်မှာ ခဏလောက် ထိုင်နေပြီး တစ်ယောက်ပေါင်ကို တစ်ယောက် ကိုင်လို့ ထားတယ်။ ကျွန်တော်တို့ မျက်နှာချင်းဆိုင်က နံရံမှာ

mgyoe.com

mgyoe.com
SAMPLE BOOK


ကြောင်တစ်ကောင် ထိုင်လို့ နေတယ်။ ကြောင်က မျက်လုံးပွင့်နေပြီး ကျွန်တော်တို့ဘက်ကို ကြည့်နေတယ်။ ပြီးတော့ အကြောဆန့်ပြီး ပြန်အိပ်သွားတယ်။ ကျွန်တော် သူ့ဆံပင်တွေကို လက်နဲ့ ပွတ်ဖလို့ နေတယ်။ ကျွန်တော့်နှုတ်ခမ်းကို သူ့ရဲ့နားရွက်သေးသေးလေးနားမှာ ထားလိုက်တယ်။ ကျွန်တော် တစ်ခုခု ပြောသင့်တယ်။ ဒါပေမဲ့ ဘာစကားလုံးမှ ထွက်မလာဘူး။ ကျွန်တော် အသက်တောင်ကောင်းကောင်း မရှူနိုင်ဘူး။ ကျွန်တော် သူ့လက်ကို ဆွဲယူလိုက်ပြီး သူ့ကို နောက်တစ်ခါ ထပ်နမ်းမိတယ်။ အချိန်တော်တော်ကြာ ကျွန်တော်တို့ နှစ်ယောက် တိတ်ဆိတ်လို့ သွားပြန်တယ်။

ကျွန်တော်သူ့ကို ဘူတာကိုလိုက်ပို့ပြီးတော့ ကျွန်တော်ပြန်မတည်ငြိမ်နိုင်သေးဘူး။ ကျွန်တော် အိမ်ကိုပြန်၊ ဆိုဖာပေါ်မှာ လှဲပြီး မျက်နှာကြက်ကို ငေးကြည့်လို့ နေတယ်။ ကျွန်တော့်စိတ်ဟာ ဝဲကတော့ တစ်ခုထဲ ရောက်လို့နေတယ်။ နောက်ဆုံးတော့ အမေ ပြန်ရောက်လာပြီး ညစာ အဆင်သင့် ဖြစ်ပြီလို့ ပြောတယ်။ အစားအသောက် အကြောင်းကို ကျွန်တော် နောက်ဆုံးမှ စဉ်းစားနိုင်မယ်။ ကျွန်တော် စကားတစ်ခွန်းမှ မပြောဘဲ အပြင်ထွက်၊ နှစ်နာရီလောက် စိမ်ပြေနပြေ မြို့ထဲ လျှောက်ကြည့်နေလိုက်တယ်။ တကယ့်ကို ထူးဆန်းတဲ့ ခံစားမှုပဲ။ ကျွန်တော် အခု တစ်ယောက်တည်း မဟုတ်တော့ဘူး။ တစ်ချိန်တည်းမှာပဲ ကျွန်တော် တစ်ခါမှ မသိဖူးတဲ့ နက်ရှိုင်းတဲ့ အထီးကျန်မှုကို ကျွန်တော် ခံစားနေရတယ်။ ပထမဆုံးအကြိမ် မျက်မှန် တပ်ခါစမို့ ကျွန်တော့် အမြင်အာရုံက တစ်မျိုး ဖြစ်နေတယ်။ အရင်က မှုန်ဝါးဝါး မြင်ခဲ့ရတဲ့ အရာတွေက ခုတော့ ကြည်လင်ပြတ်သားလို့ နေတယ်။

အဲဒီနေ့က အီဇူမိ ပြန်တော့ ကျွန်တော့်ကို ကျေးဇူးတင်စကား ပြောပြီး သူ ဘယ်လောက်တောင် ပျော်လဲ ဆိုတာ ပြောခဲ့တယ်။ ကောင်မလေး တစ်ယောက်က ကျွန်တော့်ကို နမ်းခွင့်ပြုတာကို ကျွန်တော် လုံးဝ မယုံနိုင်လောက်အောင်ပဲ။ အဲဒီအတွက် ကျွန်တော် ဘာလို့မကြည်နူးနိုင်ရတာလဲ။ အနည်းဆုံးတော့ ကျွန်တော် လုံးလုံးလျားလျား ပျော်လိုက်ဖို့ သင့်တယ်။ ကျွန်တော်ဟာ အောက်ခြေ မရှိတော့တဲ့ မျှော်စင်ကြီး တစ်ခုလို ဖြစ်နေတယ်။ ကျွန်တော်ဟာ အရမ်း အမြင့်ကြီးကို ရောက်လို့ နေတယ်။ ဟိုးအဝေးကို ကြည့်လေ ကျွန်တော် ခေါင်းမူးလာလေ ဖြစ်နေတယ်။ သူနဲ့ကျမှ ဘာလို့ ဖြစ်တာလဲလို့ ကိုယ့်ကိုယ်ကိုယ် မေးနေမိတယ်။ သူ့အကြောင်းကို ကျွန်တော် ဘာတွေ သိလဲ။ ကျွန်တော် သူနဲ့ အကြိမ်နည်းနည်း တွေ့ခဲ့

mgyoe.com

m gyoe.com SAMPLE BOOK

ဖူးတယ်။ စကားတွေ အများကြီး ပြောခဲ့ဖူးတယ်။ ဒီလောက်ပါပဲ။ ကျွန်တော် မသက်မသာ ဖြစ်နေရတယ်၊ စိတ်လှုပ်ရှား လွန်းနေတယ်။ ထိန်းချုပ် မရနိုင်ဘူး။

အဲဒီနေရာမှာ ရှီမာမိုတိုသာ ဆိုရင် စိတ်ရှုပ်ထွေးစရာ ရှိမှာ မဟုတ်ဘူး။ ကျွန်တော်တို့ နှစ်ယောက်စလုံး စကားတစ်ခွန်းမှ ပြောမှာ မဟုတ်ဘဲ တစ်ယောက်ကို တစ်ယောက်လက်ခံလိုက်ကြမှာ။ မသက်မသာ ဖြစ်တဲ့ ခံစားမှုတွေ၊ မလွယ်ကူတာတွေ ရှိမှာ မဟုတ်ဘူး။ ဒါပေမဲ့ ရှီမာမိုတိုဟာ အနားမှာ မရှိတော့ဘူး။ သူဟာ သူ့ကမ္ဘာသစ်မှာ။ ကျွန်တော်လည်း ထိုနည်းလည်းကောင်းပါပဲ။ အီဇူမိနဲ့ ရှီမာမိုတိုကို ယှဉ်ကြည့်တာဟာ အဓိပ္ပာယ် မရှိပါဘူး။ ရှီမာမိုတိုရဲ့ ကမ္ဘာထဲကို ဝင်မယ့် တံခါးဝက ကျွန်တော့်နောက်မှာ တင်းတင်း ပိတ်လို့နေခဲ့ပြီ။ ကျွန်တော့်ရဲ့ လမ်းကြောင်းတွေ ပြောင်းပြီး အသစ်တစ်ခု၊ မတူညီတဲ့ တစ်ယောက်ကို ရှာဖွေဖို့ လိုပါတယ်။

အရှေ့ကောင်းကင်မှာ မှိန်ဖျဖျ အလင်းတွေစပေါ်လာတဲ့အထိ ကျွန်တော် နေစေလိုက်တယ်။ ကျွန်တော် နှစ်နာရီလောက် အိပ်လိုက်တယ်။ ပြီးတော့ ရေချိုးပြီး ကျောင်းသွားတယ်။ ကျွန်တော် အီဇူမိကို ရှာပြီး ကျွန်တော်တို့ နှစ်ယောက်ကြားမှာ ဘာတွေ ဖြစ်ခဲ့လဲ ဆိုတာ ပြောဖို့ လိုတယ်။ သူ့ခံစားမှုတွေ မပြောင်းလဲတဲ့ အကြောင်း သူ့နှုတ်ခမ်းက ထွက်ပေါ်လာတာကို ကျွန်တော် ကြားဖို့ လိုတယ်။ သူ နောက်ဆုံး ပြောခဲ့တာက သူ ဘယ်လို ပျော်တဲ့ အကြောင်းပဲ။ ဒါပေမဲ့ အရုဏ်ဦးရဲ့ အေးစက်တဲ့ အလင်းရောင်က ကျွန်တော် အိပ်မက်မက် ခဲ့သလို ဟုတ်ယောင်ထင်မှုတွေနဲ့ တူနေတယ်။ တစ်နေကုန် အီဇူမိနဲ့ စကားပြောဖို့ အခွင့်အရေး မရခဲ့ဘူး။ နေ့လယ် နားချိန်မှာ သူ့ကောင်မလေး သူငယ်ချင်းတွေနဲ့ သူ ရှိနေခဲ့တယ်။ ကျောင်းဆင်းတော့ သူ အိမ်ကို တန်းပြန်သွားတယ်။ အတန်းပြောင်းချိန် ရောက်လို့ ကော်ရစ်ဒါမှာ မျက်လုံးချင်း ဆုံလိုက်တဲ့ အခွင့်အရေး တစ်ကြိမ်ပဲ ရခဲ့တယ်။ သူ ကျွန်တော့်ကို တွေ့တော့ ပြုံးပြတယ်။ အဲဒီလောက်ပဲ။ ဒါပေမဲ့ အဲဒီအပြုံးထဲမှာ မနေ့က ဖြစ်ခဲ့ တာတွေကို အတည်ပြုတာ ပါနေတယ်။ အဲဒါ အဆင်ပြေပါတယ်လို့ အဲဒီအပြုံးက ပြောနေသလိုပဲ။ မနေ့က တကယ် ဖြစ်ခဲ့တယ်။ ကျွန်တော် အိမ်အပြန် ရထားပေါ် ရောက်တော့ စိတ်ရှုပ်ထွေးတာတွေ အကုန်လုံး ပျောက်ကွယ်သွားတယ်။ ကျွန်တော် သူ့ကို လိုချင်တယ်။ ကျွန်တော့်ရဲ့ အာသီသစိတ်က အနိုင်ရသွားတာ သံသယဝင်စရာတောင် မလိုဘူး။

mgyoe.com

ကျွန်တော် လိုချင်တာက ရှင်းရှင်းလင်းလင်း ရှိဖို့ပဲ။ အိဒ္ဓမိဟာ ဝတ်လစ်စားလစ်နဲ့။ ကျွန်တော်နဲ့ လိင်ဆက်ဆံနေတယ်။ ဒါပေမဲ့ ခရီးဆုံးကို ရောက်ဖို့က လမ်းမှာ အဝေးကြီး လိုသေးတယ်။ ကြုံတွေ့ရမယ့် အဖြစ်အပျက်တွေ အများကြီး ရှိသေးတယ်။ လိင်ကိစ္စထိ ရောက်ဖို့က ကောင်မလေးရဲ့ အဝတ်အစားကို ဖစ်ဖြုတ်ဖို့လိုတယ်။ လိင်ကိစ္စနဲ့ ဇစ်ကြားထဲက ဖြစ်စဉ်ထဲမှာ နူးညံ့သိမ်မွေ့တဲ့ ဆုံးဖြတ်ချက်တွေနဲ့ အကဲဖြတ်ချက် အနည်းဆုံး အခု နှစ်ဆယ်၊ သုံးဆယ်လောက် လိုသေးတယ်။

အရင်ဆုံး ကျွန်တော့်မှာ ကွန်ဒုံး ရှိဖို့ လိုတယ်။ တကယ်တော့ အဲဒီအဆင့်ထိ ရောက်ဖို့ ဆိုတာ အဝေးကြီး လိုသေးပေမယ့် ကျွန်တော့် လက်ထဲမှာ ရှိနေချင်တယ်။ ဘယ်အချိန် လိုမလဲ ဆိုတာ ကျွန်တော်မှ မသိတာ။ ဒါပေမဲ့ ဆေးဆိုင်ကို သွားပြီး ပိုက်ဆံ ထုတ်ပေး၊ ကွန်ဒုံးထုပ် ယူပြီး ပြန်လာဖို့ ဆိုတာ ကျွန်တော် မလုပ်နိုင်သေးပါဘူး။ အဲဒီလိုမျိုး အတွေ့အကြုံ ကျွန်တော့်မှာ တစ်ခါမှ မရှိဖူးဘူး။ ဂျူနီယာ ဟိုက်စကူးကျောင်းသား တစ်ယောက်အနေနဲ့ အဲဒီလို မလုပ်ရဲတာကို သူရဲဘောကြောင်တယ်လို့ ပြောလို့ မရပါဘူး။ အိမ်နားက ဈေးအရောင်းစက်မှာ ဝယ်ဖို့ ကြိုးစားနိုင်ပေမယ့် တစ်ယောက်ယောက်က တွေ့သွားရင် ကျွန်တော်အပြစ်လုပ်နေပြီလို့ ဆိုကြဦးမယ်။ တလွဲလုပ်တဲ့ ကောင် လို့ လူသိဦးမယ်။ ဘာလုပ်ရမယ်မှန်း မသိတဲ့ ဝေဝါးစိတ်တွေနဲ့ ကျွန်တော် သုံး၊ လေးရက်လောက် ကြာခဲ့တယ်။

နောက်ဆုံးတော့ အဲဒီကိစ္စဟာ ကျွန်တော် ထင်ထားတာထက် လွယ်လွယ်ကူကူနဲ့ အဆင်ပြေသွားတယ်။ ဒီလိုကိစ္စတွေမှာ ကျွမ်းကျင်တဲ့ ကျွန်တော့်ထက် အတွေ့အကြုံရှိတဲ့ သူငယ်ချင်း တစ်ယောက်ကို မေးလိုက်တယ်။ ဒီလို သူငယ်ချင်း။ ငါ ကွန်ဒုံး လိုချင်တယ်။ ငါ ဘာလုပ်ရမလဲ။ ဘာပြဿနာမှ မရှိဘဲနဲ့လို့ ကျွန်တော် ပြောလိုက်တယ်။ သူက အေးအေးဆေးဆေး ပေါ့ပေါ့ပါးပါး ပြန်ပြောတယ်။ ငါ မင်းကို ဘူးကြီးတစ်ဘူးလုံး ယူပေးမယ်။ ငါ့အစ်ကို ကက်တလောက် ကြည့်ပြီး အများကြီး ဝယ်ထားတယ်။ သူ့ဗီရိုထဲမှာ အပြည့်ပဲ။ သူ တစ်ခုမှလည်း မသုံးရသေးဘူး။ ဟား ဟား။ ကျွန်တော် စိတ်အား ထက်သန် သွားတယ်။ နောက်နေ့မှာတော့ စက္ကူအိတ်ထဲ ကွန်ဒုံးတွေ ထည့်ပြီး သူ ကျောင်းကို ယူလာတယ်။ ကျွန်တော် သူ့ကို နေ့လယ်စာ ကျွေးပြီး ဘယ်သူ့ကိုမှ မသိစေနဲ့လို့ ပြောလိုက်တယ်။ စိတ်ချလို့ သူ ပြောတယ်။ ဒါပေမဲ့ သူ နှစ်ယောက်လောက်ကို ပြောပြီးတဲ့ နောက်မှာတော့ ကျွန်တော် ကွန်ဒုံးရှာပုံတော် လုပ်တဲ့ သတင်းက တစ်ကျောင်းလုံး ပြန့်သွားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


တစ်ယောက်စကား တစ်ယောက်နား ပြန့်သွားရင်း နောက်ဆုံးတော့ အီဇူမိနား ရောက်သွားတယ်။ ကျောင်းဆင်းတော့ သူ ကျွန်တော့်ဆီ ရောက်လာပြီး လာမေးတယ်။

"ဟာဂျီမီ၊ နင် နီရှီဒါဆီကနေ ကွန်ဒုံးတွေ ယူထားတယ်လို့ ငါ ကြားတယ်"

လို့ သူက မေးတယ်။ ကွန်ဒုံး ဆိုတဲ့ စကားလုံးဟာ သူ့ နှုတ်ဖျား ကနေ ထွက်ကျလာတယ်။ သူ ပြောတဲ့ အသံက ကူးစက်ရောဂါ တစ်ခုရဲ့ နာမည်ကို အသံထွက်လိုက်သလိုပဲ။

"အင်း... ဟုတ်တယ်"

လို့ ကျွန်တော် ဝန်ခံလိုက်တယ်။ ကျွန်တော် စကားလုံး ရဖို့ ကြိုးစားနေရတယ်။

"ဘာမှတော့ မဟုတ်ပါဘူးဟာ။ ငါ့မှာ ရှိရင် ကောင်းမယ် ထင်လို့ပါ"

"ငါ့ကြောင့် နင် လိုချင်တာလား"

"မဟုတ်ဘူး၊ မဟုတ်ဘူး"

လို့ ကျွန်တော် ပြောလိုက်တယ်။

"အဲဒါတွေက ဘယ်လိုလဲလို့ ငါ သိချင်တာ။ နင် မကြိုက်ရင် ငါ ပြန်ပေးလိုက်ပါ့မယ်။ ဒါမှမဟုတ် လွှင့်ပစ်လိုက်မယ်"

ကျွန်တော်တို့ ကျောင်းအမိုးထောင့် တစ်နေရာက အုတ်ခုံပေါ်မှာ ထိုင်နေတာပါ။ အချိန်မရွေး မိုးရွာချတော့မယ့် ပုံပဲ။ ကျွန်တော်တို့ နှစ်ယောက်ပဲ ရှိနေတယ်။ လုံးဝကို ငြိမ်သက်လို့ နေတယ်။ ဒီအမိုးနေရာက ဒီလောက် တိတ်ဆိတ်မယ်လို့ ကျွန်တော် မထင်ခဲ့ဘူး။

ကျွန်တော်တို့ကျောင်းက တောင်ကုန်းပေါ်မှာ ရှိတာပါ။ ဒီတော့ မြို့နဲ့ ပင်လယ်ကို ရှင်းရှင်းလင်းလင်း မြင်ရပါတယ်။ ကျွန်တော်နဲ့ ကျွန်တော့် သူငယ်ချင်းတွေ အသံလွှင့်ကလပ်ကနေ ဓာတ်ပြားတွေ ခိုးလာရင် ဒီအမိုးပေါ်ကနေ လေထဲပစ်တဲ့ ဖရစ်စဘီ ကော်ပြားတွေလို လွှင့်ပစ်နေကျ။ ဓာတ်ပြားတွေဟာ လှလှပပ လေထဲမှာ ပျံဝဲလို့ သွားတယ်။ တစ်ခါမှာတော့ ဓာတ်ပြားဟာ လေထဲ ဝဲပျံမသွားဘဲ လေ့ကျင့်ရေး လုပ်နေတဲ့ ပထမနှစ် ကောင်မလေးတွေ ရှိရာ တင်းနစ်ကွင်းထဲ ကျလို့ သွားတယ်။ ကျွန်တော်တို့ နေ့လယ်စာ နားချိန် မနားရတဲ့ အပြစ်ကို ခံခဲ့ရတယ်။ အဲဒါ လွန်ခဲ့တဲ့ တစ်နှစ်က ဖြစ်ခဲ့တာပါ။ အခု အဲဒီနေရာကိုပဲ

mgyoe.com

mgyoe.com  SAMPLE BOOK 

ကျွန်တော် ပြန်ရောက်လို့ နေပါပြီ။ ကွန်ဒုံးတွေကြောင့် ကျွန်တော့်ရည်းစား အမျက်တော်ကို ကျွန်တော် ခံနေရပါပြီ။

ကျွန်တော် အပေါ်ကို ကြည့်လိုက်တော့ ငှက်တစ်ကောင်ဟာ စက်ဝိုင်းပတ်ပုံစံ ဖြည်းဖြည်းလေး ပျံဝဲနေတာ တွေ့လိုက်တယ်။ ငှက်တစ်ကောင် ဖြစ်ရင် အရမ်းကောင်းမှာပဲလို့ ကျွန်တော် စိတ်ကူးယဉ်လိုက်မိတယ်။ ငှက်တိုင်း လုပ်ရတာက ပျံဖို့ပဲ။ ကိုယ်ဝန်တားဆေးအတွက် စိတ်ပူစရာ မလိုဘူး။

"နင် ငါ့ကို တကယ် ကြိုက်တာလား"

လို့ အီဖူမိက အသံတိုးတိုးနဲ့ မေးတယ်။

"တကယ်ပါ"

လို့ ကျွန်တော် ပြန်ဖြေလိုက်တယ်။

"ငါ နင့်ကို တကယ်ကြိုက်ပါတယ်"

နှုတ်ခမ်းကို တင်းတင်းစေ့လို့ ထားတယ်။ သူဟာ ကျွန်တော့်မျက်နှာကို တည့်တည့်ကြည့်လို့ နေတယ်။ သူ အကြာကြီး စိုက်ကြည့်နေလို့ ကျွန်တော် မသက်မသာ ဖြစ်လာရတယ်။

"ငါလည်း နင့်ကို ကြိုက်ပါတယ်။ နင် သိသားပဲ"

လို့ ခဏနေတော့ သူ ပြောတယ်။

ဒါပေမဲ့... လို့ ကျွန်တော် တွေးမိတယ်။

"ဒါပေမဲ့"လို့ သူ ကျွန်တော် တွေးတဲ့အတိုင်း ပြောတယ်။

"ငါတို့ အရင်လိုဖို့ မလိုဘူး"

ကျွန်တော် ခေါင်းညိတ်လိုက်တယ်။

"နင် စိတ်မရှည် မဖြစ်နဲ့။ ငါက ငါ့နှုန်းနဲ့ ငါပဲ သွားတတ်တယ်။ ငါ ဉာဏ်သိပ်ကောင်းတဲ့ တစ်ယောက်တော့ မဟုတ်ဘူး။ ငါ အရာရာအတွက် အချိန်ယူပြင်ဆင်ဖို့ လိုတယ်။ နင် စောင့်နိုင်ရဲ့လား"

နောက်တစ်ခါက် ကျွန်တော် တိတ်ဆိတ်စွာ ခေါင်းညိတ်လိုက်တယ်။

"ကတိပေးလား" လို့ သူ မေးတယ်။

"ငါ ကတိပေးပါတယ်"

"နင် ငါ့ကို မနာကျင်စေဘူး မဟုတ်လား"

"ငါ နင့်ကို နာကျင်အောင် မလုပ်ပါဘူး"

mgyoe.com

mgyoe.com SAMPLE BOOK


သူဟာ သူ့ရှူးဖိနပ်ကို တစ်ခဏလောက် ငုံ့ကြည့်လို့ နေတယ်။ သူ့ ဖိနပ်က အနက်ရောင် အောက်ခြေပြား သားရေဖိနပ်ပါ။ ကျွန်တော့်ဖိနပ်နဲ့ ယှဉ်လိုက်ရင်တော့ သူ့ဖိနပ်က ကလေးကစားစရာလို သေးငယ်နေပါတယ်။

"ငါ ကြောက်တယ်"

လို့ သူ ပြောတယ်။

"ဒီရက်တွေမှာ ငါဟာ အခွံမပါတဲ့ ခရုတစ်ကောင်လို ခံစားနေရတယ်"

"ငါလည်း ကြောက်တယ်"

လို့ ကျွန်တော် ပြောလိုက်တယ်။

"ခြေထောက်အပြား မပါတဲ့ ဖားတစ်ကောင်လို ငါ ခံစားနေရတယ်"

သူ ခေါင်းမော့ကြည့်ပြီး ပြုံးပြတယ်။

ကျွန်တော်တို့ စကားမပြောကြဘဲ အမှောင်ကျတဲ့ဘက်ကို သွားလိုက်ကြတယ်။ တစ်ယောက်ကို တစ်ယောက်ဖက်လို့ ကျွန်တော်တို့ နမ်းကြတယ်။ အခွံမပါတဲ့ ခရုတစ်ကောင်နဲ့ ခြေအပြားမပါတဲ့ ဖားတစ်ကောင် နမ်းနေကြတာပေါ့။ ကျွန်တော် သူ့ကို တင်းတင်းဖက်ထားလိုက်တယ်။ ကျွန်တော်တို့ လျှာတွေ ဖြည်းဖြည်းချင်း ထိတယ်။ သူ့ဘလောက်စ်အင်္ကျီကနေတစ်ဆင့် သူ့ရင်သားတွေကို ကျွန်တော် ခံစားနေရတယ်။ သူ မငြင်းဘူး။ သူ မျက်လုံးပိတ်ပြီး သက်ပြင်းမှုတ်ထုတ်လို့ နေတယ်။ သူ့ရင်သားတွေက သေးငယ်ပြီး ကျွန်တော့်လက်ထဲမှာ သက်သောင့်သက်သာ နေသားကျလို့ နေတယ်။ အဲဒီအတွက်ပဲ ရည်ရွယ်ပြီး ထုတ်လုပ်ထားသလိုပဲ။ သူ့လက်ကို ကျွန်တော့်နှလုံးသားပေါ် တင်လိုက်တယ်။ သူ့လက်ရဲ့ အထိအတွေ့ရယ်၊ ကျွန်တော့် နှလုံးခုန်သံရယ်ဟာ တစ်သားတည်းဖြစ်လို့ သွားတယ်။ သူဟာ ရှီမာမိုတို မဟုတ်ဘူးလို့ ကျွန်တော့်ကိုယ် ကျွန်တော် ပြောလို့ နေတယ်။ ရှီမာမိုတို ပေးခဲ့တာကို သူ မပေးနိုင်ဘူး။ ဒါပေမဲ့ ဒီနေရာမှာတော့ သူဟာ ကျွန်တော့် အတွက်ပဲ။ သူ တတ်နိုင်သမျှ အကောင်းဆုံးပေးဖို့ သူ ကြိုးစားနေတယ်။ ကျွန်တော် သူ့ကို ဘယ်လို နာကျင်အောင် လုပ်နိုင်မှာလဲ။

ဒါပေမဲ့ အဲဒီတုန်းကတော့ ကျွန်တော် နားမလည်ခဲ့ဘူး။ ကျွန်တော်ဟာ သူ့ကို နာလန်ပြန် မထူနိုင်လောက်အောင် နာကျင်စေနိုင်တယ် ဆိုတာကို။ လူတစ်ယောက်ဟာ အသက်ရှင်နေရင်းနဲ့ တခြားတစ်ယောက်ကို ပြန်မကောင်းနိုင်လောက်အောင် နာကျင်စေနိုင်တယ် ဆိုတာကိုပေါ့။

• • •

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၃ )

အိမ်ဖူးမိနဲ့ ကျွန်တော်ဟာ တစ်နှစ်လောက် အတူတူ အပြင် ထွက်လည်ခဲ့ကြတယ်။ ကျွန်တော်တို့ တစ်ပတ် တစ်ကြိမ် ရုပ်ရှင်သွားကြည့်တတ်သလို စာကြည့်တိုက်မှာ စာတူတူ လုပ်ကြတယ်။ ကျွန်တော်တို့ ခြေဦးတည့်ရာ လမ်းလျှောက်ကြတယ်။ လိင်ကိစ္စနဲ့ ပတ်သက်လို့တော့ ကျွန်တော်တို့ အဆုံးထိ တစ်ခါမှ မရောက်သေးဘူး။ ကျွန်တော့်မိဘတွေ အပြင်ထွက်ချိန်တွေ တစ်လမှာ နှစ်ကြိမ်လောက် သူ ကျွန်တော့်အိမ်ကို လာလေ့ရှိတယ်။ ကျွန်တော်တို့ အိပ်ရာပေါ်မှာ တစ်ယောက်ကို တစ်ယောက် ပွေ့ဖက်လို့ နေတယ်။ ဒါပေမဲ့ သူ တစ်ခါမှ အင်္ကျီမချွတ်ဘူး။ တစ်ယောက်ယောက် ပြန်မလာဘူးလို့ မပြောနိုင်ဘူး ဆိုပြီး သူ ငြင်းလေ့ရှိတယ်။ သတိပိုလွန်းတယ်လို့ သူ့ကို ပြောရင် ရတယ်။ သူ မကြောက်ပါဘူး၊ ဒါပေမဲ့ ရှက်ရမယ့် အခြေအနေနဲ့ ကြုံရမှာကို သူ မုန်းနေတာပါ။

ဒီတော့ ကျွန်တော် သူ့ကို အဝတ် ဝတ်ရက်ပဲ ပွေ့ဖက်ခွင့် ရတယ်။ ဟိုစမ်း ဒီစမ်း လုပ်ရင်း သူ့အတွင်းခံအောက် ရောက်နိုင်အောင် ကျွန်တော် ကြိုးစားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


"ဖြည်းဖြည်း"

ကျွန်တော် စိတ်ပျက်တဲ့ အမူအရာပြတိုင်း သူ ကျွန်တော့်ကို ပြောလေ့ရှိတယ်။

"ငါ အချိန်ယူဖို့ လိုသေးတယ် နော်"

တကယ်လည်း ကျွန်တော် အဲဒီလောက် အရင်မလိုပါဘူး။ ကျွန်တော် စိတ်ရှုပ်ထွေးမိတာပါ။ အဲဒီဟာတွေ အားလုံးအတွက် စိတ်ပျက်မိတာပါ။ တကယ်တော့ သူ့ကို ကျွန်တော် အရမ်းကြိုက်ပါတယ်။ ကျွန်တော့် ရည်းစား ဖြစ်တဲ့ အတွက်လည်း ကျေးဇူးတင်မိပါတယ်။ သူသာ ကျွန်တော့်ဘေးမှာ ရှိမနေခဲ့ရင် ကျွန်တော့်ရဲ့ ဆယ်ကျော်သက် နှစ်တွေဟာ ပျင်းရိငြီးငွေ့ဖို့ ကောင်းပြီး အရောင်မဲ့နေခဲ့မှာပါ။ သူဟာ အခြေခံအားဖြင့် ရိုးသားတဲ့၊ နှစ်လိုဖွယ်ကောင်းတဲ့ ကောင်မလေး တစ်ယောက်ပါ။ တချို့လူတွေက သူ့ကို သဘောကျကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ စိတ်ဝင်စားမှုတွေက တစ်ကမ္ဘာစီပါပဲ။

ကျွန်တော် ဖတ်တဲ့ စာအုပ်တွေနဲ့ ကျွန်တော် နားထောင်တဲ့ သီချင်းတွေကို သူ နားမလည်ပါဘူး။ ဒီတော့ အဲဒီအကြောင်းအရာတွေကို ကျွန်တော်နဲ့ တန်းတူ သူ မပြောနိုင်ဘူး။ ဒီသဘောအရ သူနဲ့ အချစ်ရေးဟာ ရှီမာမိုတိုနဲ့တုန်းကလို လုံးဝ ကွာခြားပါတယ်။

ဒါပေမဲ့ သူ့ဘေးမှာ ထိုင်ပြီး သူ့လက်ချောင်းတွေကို ကျွန်တော် ကိုင်လိုက်ရင် သဘာဝကျတဲ့ နွေးထွေးမှုက ကျွန်တော့်ကိုယ်ထဲ စိမ့်ဝင်လာပါတယ်။ ကျွန်တော် သူ့ကို ဘာမဆို ပြောလို့ ရပါတယ်။ သူ့ရဲ့ မျက်ခွံလေးတွေနဲ့ သူ့နှုတ်ခမ်းအထက်က နေရာကို နမ်းရတာ ကျွန်တော် ချစ်တယ်။ ကျွန်တော် သူ့ဆံပင်လေးတွေကို ပွတ်ပြီး သူ့နားရွက်သေးသေးလေးတွေကို နမ်းရတာလည်း ကြိုက်တယ်။ အဲဒီလို လုပ်လိုက်ရင် သူ တခစ်ခစ် ရယ်တော့တာပဲ။ သူ့ အကြောင်းကို ကျွန်တော် စဉ်းစားလိုက်တိုင်း တိတ်ဆိတ်တဲ့ တနင်္ဂနွေ မနက်ခင်းတစ်ခုကို ကျွန်တော် သတိရတယ်။ နူးညံ့သိမ်မွေ့ပြီး ကြည်လင်တဲ့ နေ့တစ်နေ့ပေါ့။ နေ့တစ်နေ့ကို အစပြုခါစ အချိန်ပေါ့။ အိမ်စာ လုပ်စရာ မရှိဘူး။ ကိုယ် ကြိုက်တာ ဘာမဆို လုပ်လို့ရတဲ့နေ့ပေါ့။ သူက ကျွန်တော့်ကို အိပ်ရာပေါ် လှဲ့ အနားယူ ခံစားမှုကို ပေးလေ့ရှိတယ်။ တနင်္ဂနွေ မနက်ဟာ အဲဒီခံစားမှုပဲ။

mgyoe.com

mgyoe.com

သူ့မှာ အမှားတွေ ရှိပါတယ်။ သူဟာ တော်တော်ကို ခေါင်းမာတဲ့ တစ်ယောက်ပါပဲ။ စိတ်ကူးယဉ် ကွန့်မြူးတဲ့ အလုပ်တွေ အများကြီး လုပ်နိုင်ပေမယ့် မလုပ်ခဲ့ပါဘူး။ သူဟာ သူ ရောက်နေတဲ့ သက်သောင့်သက်သာ ကမ္ဘာထဲက နေ ခြေတစ်လှမ်းတောင် အပြင်ကို မထွက်ချင်တဲ့ သူပါ။ သူဟာ စားဖို့၊ အိပ်ဖို့ မေ့လောက်အောင်ထိ လုပ်ရတဲ့ အရာ တစ်ခုမှ မရှိဖူးဘူး။ သူ မိဘကို ချစ်တယ်၊ လေးစားတယ်။ သူ့သဘောထားတွေကလည်း ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်နှစ် ကောင်မလေးတွေ လုပ်နေကျလိုပဲ ထူးခြားတာ မရှိဘူး၊ ပေါ့ရွှတ်ရွှတ် နိုင်တယ်။ ဒ့ါအပြင် သူ သူများ မကောင်းကြောင်း ပြောတာ ကျွန်တော် တစ်ခါမှ မကြားဖူးဘူး။ ကျွန်တော့်ရဲ့ ဘဝင်မြင့် သွေးကြီးတဲ့ စကားတွေကို သူ တစ်ခါမှ မငြီးငွေ့ဘူး။ သူ ကျွန်တော့်ကို ကြိုက်တယ်၊ ကျွန်တော့် အပေါ်လည်း ကောင်းတယ်။ ကျွန်တော် ပြောတဲ့ စကားကို သူ သေချာ နားထောင်ပြီး ချီးမွမ်းလေ့ ရှိတယ်။ ကျွန်တော့် အကြောင်း၊ ကျွန်တော့်အနာဂတ် အကြောင်း ကျွန်တော် ပြောလေ့ရှိတယ်။ ကျွန်တော် ဘာဖြစ်ချင်တာ၊ ဘယ်လို လူမျိုး ဖြစ်ချင်တာ ဆိုတာမျိုးပေါ့။ ကိုယ့်ကိုယ်ကိုယ် စွဲလမ်းမှု ပုံပြင်တွေနဲ့ လူငယ်တစ်ယောက်ပေါ့။ ဒါပေမဲ့ သူ သေချာ နားထောင် တယ်။

"နင် အရွယ်ရောက်ရင် ဝာကယ် ထူးခြားတဲ့ လူတစ်ယောက် ဖြစ်မှာ ပါ။ နင့်မှာ ထူးခြားတာ ရှိတယ်"

လို့ အီဇူမိက ကျွန်တော့်ကို ပြောတယ်။ သူ အလေးအနက် ပြောတာပါ။ ကျွန်တော့်ကို ဘယ်သူမှ အဲဒီလို မပြောဖူးဘူး။

အဝတ်အစား ဝတ်ထားပေမယ့် သူ့လက်ကို ကိုင်ထားရတာ ထူးခြား တယ်။ ကျွန်တော့်ကို စိတ်ရှုပ်ထွေး၊ စိတ်ပျက်စေတာက ကျွန်တော့်အတွက် အထူး သီးသန့် ဆိုပြီး ထူးခြားတဲ့ တစ်ခုခု သူ့ဆီမှာ ကျွန်တော် ရှာလို့မရတာပဲ ဖြစ်တယ်။ သူ့အမှားတွေထက် သူ့မှာ ကောင်းတဲ့ အချက်တွေက အများကြီး ပိုရှိပါတယ်။ ကျွန်တော့် ထက်တောင် ပိုသေးတယ်။ ဒါပေမဲ့ အသက်တမျှ အရေးကြီးတဲ့ တစ်ခုခု ပျောက်ဆုံးနေတယ်။ အဲဒါ ဘာလဲ ဆိုတာကို ကျွန်တော် ရှာဖွေနိုင်ခဲ့မယ် ဆိုရင် ကျွန်တော်တို့ နှစ်ယောက် အတူတူအိပ်ပြီး အဆုံးသတ် လိမ့်မယ် ဆိုတာ ကျွန်တော် သိတယ်။ ဒီလို ကျောကိုပဲ တစ်သက်လုံး ဖက်နေဖို့ လိုမှာ မဟုတ်ဘူး။ အချိန် အတော်ကြာကြီး ရှိခဲ့ပေမယ့် ကျွန်တော် သူ့ကို ကျွန်တော်နဲ့ အတူအိပ်ဖို့ လိုအပ်

mgyoe.com SAMPLE BOOK


တယ်လို့ စည်းရုံးခဲ့သင့်တယ်။ ဒါပေမဲ့ အဲဒါကို ဖြတ်ကျော်ဖို့ ကျွန်တော့်မှာ ယုံကြည်မှု မရှိခဲ့ဘူး။ ကျွန်တော်ဟာ ခေါင်းထဲမှာ ရမ္မက်စိတ်တွေနဲ့ သိလိုစိတ်တွေ ပြည့်ကျပ်နေတဲ့ မဆင်ခြင်တတ်တဲ့ ဆယ့်ခုနစ်နှစ် အရွယ် ကောင်လေး တစ်ယောက်ပါ။ ဒါပေမဲ့ ကျွန်တော့် ခေါင်းထဲမှာ ရှိနေတာက သူ ကျွန်တော်နဲ့ လိင်မဆက်ဆံချင်ဘူး၊ အဲဒီအတွက် ကျွန်တော် သူ့ကို ပြဿနာ မလုပ်သင့်ဘူး ဆိုတာပါပဲ။ ကျွန်တော် မှန်ကန်တဲ့ အချိန် ရောက်ဖို့ စောင့်ဆိုင်းရမှာပါ။

ကျွန်တော် အီဇူမိရဲ့ အဝတ်မပါတဲ့ ကိုယ်ခန္ဓာကို တစ်ခါ ပွေ့ဖက်ခဲ့ဖူးပါတယ်။ ငါ နင့်ကို အဝတ်အစားတွေနဲ့ အမြဲ မဖက်ချင်ဘူးလို့ ကျွန်တော် သူ့ကို တောင်းပန်ခဲ့တယ်။ နင် ဟိုဟာ မလုပ်ချင်ရင် ရတယ်။ ဒါပေမဲ့ နင့် ခန္ဓာကိုယ်ကို ငါ မြင်ချင်တယ်။ နင့်ကို အဝတ်မပါဘဲနဲ့ ဖက်ထားချင်တယ်။ ငါ ဖက်ဖို့ လိုအပ်နေတယ်။ ငါ မခံနိုင်တော့ဘူး။

အီဇူမိဟာ ခဏလောက်တော့ စဉ်းစားလိုက်သေးတယ်။ ပြီးတော့ ကျွန်တော် တကယ် လိုအပ်နေတာ ဆိုရင် ရတယ် တဲ့။

"ဒါပေမဲ့ ငါ့ကိုတော့ ကတိပေးနော်။ အဲဒါပဲ ရမယ်နော်။ ငါ မကြိုက်တာ မလုပ်ဘူးလို့ ကတိပေးရမယ်"

လို့ သူ ကျွန်တော့်ကို အလေးအနက် ပြောတယ်။

နိုဝင်ဘာ အစ၊ လှပကြည်လင်တဲ့ တနင်္ဂနွေ မနက်ခင်းမှာ သူ ကျွန်တော့် အိမ်ကို လာခဲ့တယ်။ တော်တော်အေးတဲ့ နေ့ပါပဲ။ ကျွန်တော့်မိဘတွေဟာ ကျွန်တော့် အဖေဘက် အမျိုးတစ်ယောက် အောက်မေ့ဖွယ်ပွဲကို သွားကြမှာပါ။ ကျွန်တော် သူတို့နဲ့ လိုက်သွားသင့်ပါတယ်။ စာမေးပွဲအတွက် စာလုပ်စရာ ရှိသေးတယ်လို့ ပြောပြီး ကျွန်တော် အိမ်မှာ တစ်ယောက်တည်း ကျန်ခဲ့ပါတယ်။ သူတို့တွေ ညမရောက်မချင်း ပြန်ရောက်နိုင်မှာ မဟုတ်ပါဘူး။ အီဇူမိ နေ့လယ်မှာ ရောက်လာပါတယ်။ ကျွန်တော်တို့ နှစ်ယောက် အိပ်ရာထဲမှာ တစ်ယောက်ကို တစ်ယောက် ပွေ့ဖက်လို့ နေတယ်။ ကျွန်တော် အဝတ်အစားတွေ ချွတ်လိုက်တယ်။ သူ မျက်လုံး ပိတ်ထားပြီး သူ့အဝတ်တွေကို" ကျွန်တော့်ကို ချွတ်စေတယ်။ မလွယ်ပါဘူး။ ကျွန်တော် စိတ်လှုပ်ရှား နေခဲ့တယ်။ မိန်းကလေးတွေရဲ့ အဝတ်ဟာ တော်တော် ချွတ်ဖို့ ခက်ပါတယ်။ တစ်ဝက်လောက်မှာ အီဇူမိ မျက်လုံးဖွင့်ပြီး ကိုယ်တိုင် ချွတ်လိုက်ပါတယ်။ သူဟာ ဘရာစီယာနဲ့ လိုက်ဖက်တဲ့ အပြာနုရောင် အတွင်းခံဘောင်းဘီကို ဝတ်လို့ ထားပါတယ်။ ဒီထူးခြားတဲ့ အခါသမယအတွက် သူ

mgyoe.com

mgyoe.com SAMPLE BOOK

သီးသန့် ဝယ်ထားတာ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့လည်း အထက်တန်းကျောင်းသူတွေအတွက် သူတို့အမေတွေ ဝယ်ပေးနေကျ အတွင်းခံ ဘောင်းဘီမျိုးပါပဲ။ နောက်ဆုံးတော့ ကျွန်တော် ချွတ်လို့ ရခဲ့ပါတယ်။

ကျွန်တော် သူ့ရဲ့ အဝတ်မပါတဲ့ ခန္ဓာကိုယ်ကို ဖက်ထားတယ်။ သူ့လည်ပင်းနဲ့ ရင်သားတွေကို ကျွန်တော် နမ်းလိုက်တယ်။ သူ့ရဲ့ ချောမွေ့တဲ့ အသားကို ကျွန်တော် ပွတ်သပ်နေပြီး သူ့ကိုယ်သင်းနံ့ကို ရှူရှိုက်လို့ နေတယ်။ အဝတ်မပါဘဲ တစ်ယောက်ကို တစ်ယောက်ခုလို ပွေ့ဖက်ထားတာဟာ ကမ္ဘာကြီး အပြင်ဘက် ရောက်သွားသလိုပါပဲ။ ကျွန်တော် သူ့အထဲကို မထည့်ရရင် ရူးသွားမလားတောင် ခံစားရတယ်။ ဒါပေမဲ့ သူက ကျွန်တော့်ကို ခပ်မာမာပဲ တွန်းထုတ်ပါတယ်။

"ဆောရီးပဲ" လို့ သူက ပြောတယ်။

အဲဒီလို မလုပ်ရပေမယ့် သူဟာ ကျွန်တော့် လိင်တံကို သူ့ပါးစပ်ထဲ ထည့်လိုက်တယ်။ သူ အရင်က ဒါမျိုး တစ်ခါမှ မလုပ်ဖူးဘူး။ ကျွန်တော့်ရဲ့ ထိပ်ကို သူ့လျှာနဲ့ မကြာမကြာ လာထိသပ်လို့ နေတယ်။ ကျွန်တော် ဘာမှ မစဉ်းစားနိုင်တော့ဘဲ ပြီးသွားတဲ့ အထိပဲ။

အဲဒီနောက် ကျွန်တော် သူ့ကို တင်းတင်းဖက်ပြီး သူ့ခန္ဓာကိုယ်ရဲ့ တစ်လက်မ မကျန်အောင် ပွတ်သပ်လို့ နေမိတယ်။ ဆောင်းဦးရာသီရဲ့ အလင်းရောင်အောက်မှာ သူ့ခန္ဓာကိုယ်ဟာ လှပလို့ နေတယ်။ ကျွန်တော် သူ့တစ်ကိုယ်လုံးကို နမ်းလို့ နေတယ်။ တကယ့်ကို လှပတဲ့ နေ့တစ်နေ့ပါပဲ။ ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက်အကြိမ်ကြိမ် တင်းတင်းဖက်လို့ နေကြတယ်။ ကျွန်တော် ခဏခဏ ပြီးလို့ နေတယ်။ ကျွန်တော် တစ်ခါပြီးတိုင်း သူ ရေချိုးခန်းထဲ ဝင်ပြီး သွားသွားဆေးရတယ်။

"တော်တော် အူကြောင်ကြောင်နိုင်တဲ့ ခံစားမှုမျိုးပဲ"

လို့ သူ ရယ်ရင်း ပြောတယ်။

ကျွန်တော်နဲ့ အီဇူမိ အတူရှိခဲ့တာ အချိန် တစ်နှစ်ကျော်ခဲ့ပေမယ့် ဒီတစ်ကြိမ်ဟာ ကျွန်တော့်အတွက် အပျော်ရွှင်ရဆုံး နှစ်ယောက်အတူရှိတဲ့ အချိန်ပါပဲ။ အဝတ် မပါဘူး၊ ကျွန်တော်တို့ ဘာမှ ကွယ်ဝှက်ထားစရာ မရှိဘူး။ ကျွန်တော် သူ့ကို အရင်ကထက် ပိုသိလာတယ်။ သူလည်း ကျွန်တော့်လိုပဲ နေမှာပါ။ ကျွန်တော်တို့ လိုတာက စကားလုံးတွေ၊ ကတိတွေ မဟုတ်ဘူး။ သေးငယ်တဲ့ အရှိတရားလေးတွေကို စုဆောင်းဖို့ပဲ။

mgyoe.com

m gyoe.com SAMPLE BOOK


အိဇူမိဟာ ကျွန်တော့် ရင်ဘတ်ပေါ် ခေါင်းအုံးပြီး ကျွန်တော့် ရင်ခုန်သံကို အချိန်အတော်ကြာ နားဆင်လို့နေတယ်။ ကျွန်တော် သူ့ဆံပင်တွေကို ပွတ်သပ်နေတယ်။ ကျွန်တော်ဟာ အသက် ဆယ့်ခုနစ်နှစ်၊ ကျန်းမာတယ်။ အရွယ် ရောက်ဖို့ အဆင်သင့်ပဲ။ အရမ်းကောင်းတာပဲ ဆိုတဲ့ စကားတစ်ခွန်းပဲ ပြောစရာ ရှိတယ်။

ညနေ လေးနာရီလောက် ရောက်တော့ သူ အိမ်ပြန်မလို့ အဝတ်တွေ ဝတ်ဖို့ ပြင်နေချိန်မှာ လူခေါ်ခေါင်းလောင်းက မြည်လာတယ်၊ ပထမတော့ ကျွန်တော် မသိချင်ယောင် ဆောင်နေလိုက်တယ်။ ဘယ်သူလဲ ဆိုတာ ကျွန်တော် မသိဘူး။ ကျွန်တော် တံခါးသွားမဖွင့်ပေးရင် ဘယ်သူပဲဖြစ်ဖြစ် လက်လျှော့ပြီး ပြန်လှည့်သွားမှာပဲ။ ဒါပေမဲ့ အသံက ဆက်တိုက်မြည်လို့နေတယ်။ သေပါတော့လို့ ကျွန်တော် တွေးမိတယ်။

"နင့်မိဘတွေ ပြန်လာတာလား"

လို့ အိဇူမိက မေးတယ်။ သူ အိပ်ရာကနေ ထပြီး အဝတ်တွေ လိုက်ရှာနေတယ်။

"စိတ်မပူနဲ့၊ သူတို့ ဒီလောက် စောစော ပြန်မရောက်နိုင်ဘူး။ သူတို့မှာ သော့ရှိတယ်။ သူတို့ ခေါင်းလောင်းတီးမှာ မဟုတ်ဘူး"

"ငါ့ဖိနပ်" လို့ သူ ပြောတယ်။

"ဖိနပ်… ဟုတ်လား"

"ငါ့ဖိနပ်က ရှေ့တံခါးရဲ့ အထဲမှာ"

ကျွန်တော် အဝတ်ဝတ်ပြီး အောက်ကို ပြေးဆင်းလိုက်တယ်။ သူ့ ဖိနပ်ကို အံဆွဲထဲ ထည့်လိုက်တယ်။ ကျွန်တော် တံခါးဖွင့်လိုက်တော့ ကျွန်တော့် အဒေါ် ရပ်နေတာ တွေ့လိုက်ရတယ်။ ကျွန်တော့် အမေရဲ့ ညီမပါ။ ဒီကနေ တစ်နာရီလောက် ရထားစီးရတဲ့ နေရာမှာ သူ နေတယ်။ မကြာခဏ အိမ်ကို လာတတ်ပါတယ်။

"နင် ဘာတွေ လုပ်နေတာလဲ၊ ငါ ခေါင်းလောင်းတီးနေတာ ကြာပြီ"

"နားကြပ်တပ်ပြီး သီချင်းနားထောင်နေလို့ မကြားတာပါ။ အဖေနဲ့ အမေ အပြင်သွားတယ်။ အောက်မေ့ဖွယ်ပွဲ တစ်ခုကို သွားတာ။ ဒီနေ့ညကျမှ သူတို့ ပြန်ရောက်မှာ။ အန်တီလည်း သိမယ် ထင်တယ်"

လို့ ကျွန်တော် ပြောလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"သူတို့ ငါ့ကို ပြောတယ်။ ငါ့ ဒီနားမှာ အလုပ်ကိစ္စရှိလို့ လာတာ။ နင် စာလုပ်နေမှာ ဆိုတော့ ငါ ညစာ ချက်ပေးဖို့ လာခဲ့တာ။ ဈေးလည်း ဝယ်လာခဲ့ တယ်"

"ကိုယ့်ဟာကိုယ် လုပ်လို့ ရပါတယ်။ ကလေးမှ မဟုတ်တော့တာ"

လို့ ကျွန်တော် ပြောလိုက်တယ်။

"ငါ အားလုံး ဝယ်လာခဲ့ပြီးပြီ။ နင် အလုပ်ရှုပ်နေတယ် မဟုတ်လား။ နင် စာလုပ်နေတုန်း ငါ ချက်ထားလိုက်မယ်"

သေပြီလို့ ကျွန်တော် တွေးလိုက်တယ်။ သေသာ သေလိုက်ချင်တော့ တယ်။ ဒါဆို အီဇူမိ အိမ် ဘယ်လို ပြန်ရတော့မှာလဲ။ ကျွန်တော်တို့ အိမ်က အိမ်ရှေ့ တံခါးကို ရောက်ဖို့ဆိုရင် ဧည့်ခန်းကို ဖြတ်၊ ပြီးတော့ မီးဖိုချောင် ပြတင်းပေါက်ကို ကျော်ပြီးမှ တံခါးပေါက်ကို ရောက်တာ။ ကျွန်တော် အီဇူမိကို ခေါ်ပြီး ကျွန်တော့် သူငယ်ချင်း၊ ကျွန်တော့်ဆီ လာလည်တာလို့ မိတ်ဆက်ပေး နိုင်ပေမယ့် ကျွန်တော် စာလုပ်ရမယ်လို့ ပြောထားမိတယ်။ ကျွန်တော့်မှာ ကောင်မလေး တစ်ယောက် ရှိနေတာ သိရင် ကျွန်တော် ပြန်ပေးဆပ်ရမှာတွေက အများကြီးပဲ။ ကျွန်တော့် အဒေါ်ကို မိဘတွေ ပြန်မပြောဖို့ တောင်းပန်လို့ ရမှာ မဟုတ်ဘူး။ ကျွန်တော့် အဒေါ်က ဆိုးတဲ့ လူတစ်ယောက်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီလို လျှို့ဝှက်ချက် ကို ထိန်းတဲ့ နေရာမှာတော့ သူနဲ့ အဆင်မပြေဘူး။

ကျွန်တော့်အဒေါ် မီးဖိုချောင်မှာ သူ ဝယ်လာတာတွေကို ထုတ်နေ ချိန်မှာ ကျွန်တော် အီဇူမိရဲ့ ဖိနပ်ကို ယူပြီး အပေါ်ထပ်ကို တက်လာခဲ့တယ်။သူ အဝတ်တွေ အကုန်ဝတ်ပြီးပြီ။ ကျွန်တော် အခြေအနေကို ရှင်းပြလိုက်တယ်။

သူ စိတ်ပျက်သွားတယ်။

"ဒါဆို ငါ ဘာလုပ်ရမှာလဲ။ ငါ ဒီက ထွက်လို့ မရတော့ဘူးလား။ ငါ ညစာမတိုင်ခင် ပြန်ရတာ နင် သိတာပဲ။ ပြန်မရောက်ရင် ပြဿနာ အကြီးကြီး တက်ပြီ"

"စိတ်မပူပါနဲ့။ အဆင်ပြေမှာပါ။ ငါတို့ နည်းလမ်း ရှာတွေ့မှာပါ"

လို့ ပြောပြီး သူ့ကို စိတ်ငြိမ်အောင် လုပ်လိုက်တယ်။ ဒါပေမဲ့ တကယ် တော့ ကျွန်တော် ဘာဆက်လုပ်ရမလဲ ဆိုတာကို ကျွန်တော် မသိပါဘူး။

"ငါ့ အတွင်းခံ ဘောင်းဘီ ရှာမတွေ့ဘူး။ နေရာအနှံ့ ရှာပြီးပြီ"

mgyoe.com

mgyaung.com SAMPLE BOOK

"နင့်အတွင်းခံ၊ ဟုတ်လား" လို့ ကျွန်တော် မေးလိုက်တယ်။

"သတ္တုလေး ပါတယ်၊ ဒီလောက် ကြီးတယ်"

ကျွန်တော် ကြမ်းပြင်ကနေ ခုတင်ခေါင်းရင်းအထိ တစ်ခန်းလုံး ပိုက်စိပ်တိုက် လိုက်ရှာတယ်။ ဒါပေမဲ့ မတွေ့ဘူး။

"ဆောရီး၊ နင် ဒီတစ်ခေါက်လောက် ဘောင်းဘီ မပါဘဲ သွားလို့ မရဘူးလား"

လို့ ကျွန်တော် မေးလိုက်တယ်။

ကျွန်တော် မီးဖိုချောင် သွားတော့ ကျွန်တော့် အဒေါ်ဟာ ဟင်းသီးဟင်းရွက်တွေ လှီးဖြတ်လို့ နေတယ်။ ဟင်းသီးဟင်းရွက်ဆီ လိုလို့ သူ ကျွန်တော့်ကို ထွက်ဝယ်ခိုင်းတယ်။ ကျွန်တော် မငြင်းနိုင်တာကြောင့် စက်ဘီးစီးပြီး သွားဝယ်ရတယ်။ မှောင်တောင် မှောင်နေပြီ။ ဒီပုံစံသာ ဆိုရင် အီဇူမိတော့ ပိတ်မိနေတော့မှာပဲ။ ကျွန်တော့် မိဘတွေ ပြန်မလာခင် တစ်ခုခုတော့ လုပ်မှ ရတော့မယ်။

"ငါ့အဒေါ် အိမ်သာဝင်တဲ့အခါ နင် ထွက်သွားလိုက်"

လို့ ကျွန်တော် အီဇူမိကို ပြောလိုက်တယ်။

"အဆင်ပြေမယ်လို့ နင် ထင်လား"

"ခဏ စောင့်ကြည့်တာပေါ့။ ဒီအတိုင်းချည်းပဲ အမြဲဖြစ်နေမှာမှ မဟုတ်တာ"

ကျွန်တော် အောက်ထပ်မှာ ကျွန်တော့်အဒေါ် အိမ်သာဝင်တဲ့ အချိန်ကို ထိုင်စောင့်နေတယ်။ သူ အိမ်သာဝင်ရင် ကျွန်တော် အီဇူမိကို လက်ခုပ် နှစ်ချက်တီးပြီး အောက်ကို ဆင်းလာခိုင်းမယ်။ သူ ဖိနပ်စီးပြီး ထွက်သွားလိမ့်မယ်။ သူ အပြင်ရောက်ရင် အနီးအနား လမ်းဘေးဖုန်းကနေ ကျွန်တော့်ကို ဆက်လိမ့်မယ်။

ကျွန်တော့် အဒေါ်ဟာ ဟင်းသီးဟင်းရွက်တွေ လှီးရင်း၊ မိဆိုစွပ် လုပ်ရင်း၊ ကြက်ဥတွေ ကြော်ရင်းနဲ့ သီချင်းတွေ ဆိုလို့နေတယ်။ အချိန် တော်တော်ကြာတဲ့အထိ သူ အိမ်သာကို မသွားသေးဘူး။ ကျွန်တော် သိသလောက် ဆိုရင် သူဟာ ဂင်းနစ်ကမ္ဘာ့စံချိန်စာအုပ်မှာ ကမ္ဘာ့အကြီးဆုံး ဆီးအိမ်အနေနဲ့တောင် မှတ်တမ်းဝင်လို့ ရနေပြီ။ ကျွန်တော် လက်လျှော့မလို့ လုပ်နေချိန်မှာ သူ ရှေ့ဖုံးခါးစည်းကို ချွတ်လိုက်ပြီး မီးဖိုချောင်ထဲက ထွက်သွားတယ်။ သူ အိမ်သာထဲ ဝင်တာ မြင်လိုက်တာနဲ့ ဧည့်ခန်းထဲ ပြေးဝင်ပြီး လက်ခုပ်တီးလိုက်တယ်။ အီဇူမိဟာ

mgyoe.com

mgyoe.com


ဖိနပ်ကို လက်မှာ ကိုင်ပြီး ခြေသံတိုးတိုးနဲ့ အောက်ဆင်းလာတယ်။ ဖိနပ်ကို အမြန်စီးပြီး တိတ်တဆိတ် အိမ်ပြင်ထွက်လို့ သွားတယ်။ ကျွန်တော် မီးဖိုချောင်ကနေ သူ အပြင်ဂိတ်ကို ရောက်၊ မရောက် စောင့်ကြည့်နေလိုက်တယ်။ နောက်ထပ် စက္ကန့်အနည်းငယ်လောက် အကြာမှာ ကျွန်တော့်အဒေါ် အိမ်သာထဲက ထွက်လို့ လာတယ်။ ကျွန်တော် စိတ်သက်သာရာရပြီး သက်ပြင်းချလိုက် တယ်။

နောက်ထပ် ငါးမိနစ်နေတော့ အီဇူမိ ဖုန်းခေါ်တယ်။ ကျွန်တော့် အဒေါ်ကို နောက်ငါးမိနစ် နေရင် ပြန်လာမယ် ပြောပြီး အိမ်ပြင် ထွက်လာခဲ့တယ်။ အီဇူမိဟာ ဖုန်းရုံရှေ့မှာ ကျွန်တော့်ကို စောင့်လို့ နေတယ်။

"ဒါကို ငါ မုန်းတယ်"

လို့ ကျွန်တော် ဘာမှ မပြောခင် သူ အရင် ပြောတယ်။

"ဒီလိုမျိုး ထပ်မဖြစ်ချင်တော့ဘူး"

သူ စိတ်ဆိုး၊ စိတ်ပျက်တဲ့အတွက် ကျွန်တော် သူ့ကို အပြစ်တင်လို့ မရပါဘူး။ ကျွန်တော် သူ့ကို ဘူတာနားက ပန်းခြံကို ခေါ်သွားလိုက်ပြီး ခုံမှာ ထိုင်လိုက်တယ်။ သူ့လက်ကို ညင်သာစွာ ကိုင်လိုက်တယ်။ အနီရောင်ဆွယ်တာပေါ်မှာ သူ သနပ်ခါးရောင် ကုတ်ကို ဝတ်လို့ ထားတယ်။ အင်္ကျီအောက်မှာ ရှိတာကို ကျွန်တော် ကောင်းကောင်း သိတယ်။

"ဒီနေ့က လှပါတယ်။ ငါ့အဒေါ် မလာခင်အထိ ကောင်းတယ်လို့ ငါ ပြောတာပါ။ နင်ကော အဲဒီလို မထင်ဘူးလား"

"ဟုတ်ပါတယ်၊ ငါ သဘောကျပါတယ်။ ငါ နင်နဲ့ အတူရှိတိုင်း ပျော်ပါတယ်။ ဒါပေမဲ့ အတူရှိပြီးတဲ့ နောက်ပိုင်း ငါ စိတ်ရှုပ်ရတယ်"

"ဘာကိုလဲ"

"အနာဂတ်၊ ငါ ဟိုက်စကူး ပြီးသွားရင် နင်က တိုကျိုမှာ တက္ကသိုလ်သွားတက်မှာလေ။ ငါက ဒီမှာ ကျန်ခဲ့မှာ။ ငါတို့နှစ်ယောက် ဘာဖြစ်ကြမှာလဲ"

ဟိုက်စကူးပြီးရင် တိုကျိုမှာ ကောလိပ်သွားတက်ဖို့ ကျွန်တော် ဆုံးဖြတ်ထားပြီးသားပါ။ ကျွန်တော့်ရဲ့ မွေးရပ်မြို့ကနေ ထွက်ချင်နေတာ သေလုမတတ်ပါပဲ။ ကျွန်တော့် မိဘတွေနဲ့ အဝေးမှာ တစ်ယောက်တည်း နေချင်တယ်။ ကျွန်တော့်ရဲ့ အမှတ်တွေက အားလုံး ခြုံကြည့်ရင် ကောင်းမှာ မဟုတ်ပေမယ့် ကျွန်တော် ကြိုက်တဲ့ ဘာသာရပ်တွေမှာ အမှတ်ကောင်းကောင်း ရနိုင်တဲ့အတွက် ပုဂ္ဂလိက

mgyoe.com

mgyoe.com SAMPLE BOOK

ကောလိပ်မှာ ကျွန်တော် ကောင်းကောင်းတက်လို့ ရနိုင်ပါတယ်။ သူတို့ဆီမှာ စာမေးပွဲတွေက နှစ်ဘာသာလောက်ပဲ ဖြေရတာပါ။ ဒါပေမဲ့ အီဇူမိဟာ တိုကျိုမှာ ကျွန်တော်နဲ့အတူ ကျောင်းတက်ဖို့ဆိုတာဖြစ်နိုင်စရာ နည်းလမ်း မရှိပါဘူး။ သူ့မိဘတွေကသူ့ကိုသူတို့နားမှာပဲနေစေချင်တာပါ။ပြီးတော့သူကိုယ်တိုင်ကလည်း ပုန်ကန်တတ်တဲ့ အစားမျိုး မဟုတ်ပါဘူး။ သူက ကျွန်တော့်ကို ဒီမှာပဲ နေစေချင်တာပါ။ ဒီမှာလည်း ကောလိပ်ကောင်းကောင်း ရှိတာပဲလို့ သူ ပြောတတ်ပါတယ်။ နင် ဘာလို့ တိုကျိုကို သွားချင်တာလဲလို့ သူ မေးတတ်တယ်။ ကျွန်တော် မသွားဘူး လို့သာ ကတိပေးခဲ့ရင် သူ ကျွန်တော်နဲ့ အိပ်ကောင်း အိပ်ပါလိမ့်မယ်။

"လာပါဦး၊ ငါ နိုင်ငံခြား သွားတာမှ မဟုတ်တာ။ ဒီကနေ သုံးနာရီလောက်ပဲ ဝေးပါတယ်။ ကောလိပ် ကျောင်းပိတ်ရက်တွေက အကြာကြီးပါ။ တစ်နှစ်ကို သုံး လေးလ ငါ ဒီမှာပဲ နေမှာလေ"

လို့ ကျွန်တော် သူ့ကို အကြိမ်တစ်ဒါဇင်လောက် ပြောပြီးပြီ။

"ဒါပေမဲ့ နင် ဒီကနေ ထွက်သွားတာနဲ့ ငါ့ကို မေ့သွားလိမ့်မယ်။နင် နောက်ထပ် ရည်းစားတစ်ယောက် ရှာမှာပဲ"

လို့ သူ ကျွန်တော့်ကို ပြောတယ်။ ကျွန်တော် အဲဒီစကားကို အကြိမ် တစ်ဒါဇင်မက ကြားဖူးပြီးပြီ။

အဲဒီလို မဖြစ်ပါဘူးလို့ ကျွန်တော် သူ့ကို ပြောတယ်။ ငါ နင့်ကို အရမ်းကြိုက်ပါတယ်။ နင့်ကို ဘယ်လို လွယ်လွယ်နဲ့ မေ့နိုင်မှာလဲလို့ ကျွန်တော် ပြောတယ်။ ဒါပေမဲ့ ကျွန်တော် မသေချာပါဘူး။ မြင်ကွင်း နည်းနည်း ပြောင်းလိုက်တာနဲ့ အချိန်နဲ့ စိတ်ခံစားချက် စီးဆင်းမှုတွေဟာ အရှိန်ကြီးကြီး ပြောင်းလဲသွားနိုင်ပါတယ်။ အဲဒီလိုမျိုး ရှိမှာမို့တိုနဲ့ ကျွန်တော် ဖြစ်ပြီးသွားပါပြီ။ ကျွန်တော်နဲ့ သူ အရမ်းနီးကပ်ခဲ့ပါတယ်။ ဒါပေမဲ့ နှစ်မိုင်လောက် အကွာကို ပြောင်းလိုက်တာနဲ့ သူနဲ့ ကျွန်တော် တစ်လမ်းစီဖြစ်လို့ သွားခဲ့တယ်။ ကျွန်တော် သူ့ကို အရမ်းကြိုက်ခဲ့ပါတယ်။ သူက ကျွန်တော့်ကို သူ့ဆီ လာတွေ့ဖို့ ပြောခဲ့ပါတယ်။ ဒါပေမဲ့ နောက်ဆုံးတော့ ကျွန်တော် သွားမတွေ့တော့ပါဘူး။

"ငါ နားမလည်တာ တစ်ခု ရှိသေးတယ်။ နင် ငါ့ကို ကြိုက်တယ်လို့၊ ငါ့ကို ဂရုစိုက်မယ်လို့ ပြောပေမယ့် တစ်ခါတလေ နင့်ခေါင်းထဲမှာ ဘာတွေရှိလဲ ငါ မသိဘူး"

mgyoe.com

အီဖူမိဟာ အိတ်ထဲက လက်ကိုင်ပဝါကို ထုတ်ပြီးတော့ မျက်ရည်သုတ်တယ်။ အစပိုင်းမှာ သူ မကြာခဏ ငိုတယ်။ ကျွန်တော် ဘာပြောရမလဲ ဆိုတာ ကျွန်တော် မသိလို့ သူ ငိုပြီးတာကိုပဲ စောင့်နေလိုက်တယ်။

"နင်က ဘာမဆို နင့်ဘာသာနင်ပဲ စဉ်းစားချင်တယ်။ လူတွေက နင့်ခေါင်းထဲမှာ ဘာရှိလဲလို့ ကြည့်နေတာကို မကြိုက်ဘူး။ နင်က တစ်ဦးတည်းသောသား ဖြစ်လို့လည်း ဟုတ်ရင် ဟုတ်မှာပေါ့။ နင်က ဘာမဆို တစ်ယောက်တည်း တွေးပြီး လုပ်နေကျပဲ။ နင်က တစ်ခုခုကို နင် နားလည်တဲ့အထိ အချိန်ယူတတ်တယ်"

လို့ ပြောပြီး သူ ခေါင်းကို ခါတယ်။

"အဲဒါကိုပဲ ငါ ကြောက်တာ။ ငါဟာ အစွန့်ပစ် ခံရသလိုပဲ"

တစ်ဦးတည်းသော သား။ ဒီစကားကို ကျွန်တော် မကြားရတာ တော်တော် ကြာခဲ့ပြီ။ မူလတန်းတုန်းကတော့ ဒီစကားက ကျွန်တော့်ကို နာကျင်စေတယ်။ အီဖူမိကတော့ အဓိပ္ပာယ်တစ်မျိုးနဲ့ ပြောနေတာပါ။ သူ့ရဲ့ တစ်ဦးတည်းသော သားက ဖူးဖူးမှုတ်ခံထားရလို့ ပျက်စီးနေတဲ့ ကလေး ဆိုတဲ့ အဓိပ္ပာယ်မျိုး မဟုတ်ဘဲ ကျွန်တော့်ရဲ့ တစ်ကိုယ်တည်း အတ္တစိတ်က ကမ္ဘာကြီးကို ကိုယ့်လက်တစ်ကမ်းမှာပဲ ထားချင်နေတာကို ဆိုလိုတာပါ။ သူ ကျွန်တော့်ကို အပြစ်တင်နေတာ မဟုတ်ပါဘူး။ ဒီအခြေအနေက ကျွန်တော့်ကို အလွန်အမင်း ဝမ်းနည်းစေပါတယ်။

"တစ်ယောက်ကို တစ်ယောက် ဖက်ထားတာ ဘယ်လောက် ပျော်ဖို့ကောင်းလဲ ဆိုတာ ငါ မပြောတတ်ဘူး။ အဲဒီလို ဖက်တာက မျှော်လင့်ချက်ကို ဖြစ်စေတယ်။ အရာအားလုံးကို ဖြေရှင်းနိုင်မယ်လို့ ငါ ထင်တယ်"

လို့ ကျွန်တော်တို့ နှုတ်ဆက်စကား ပြောတော့ သူ ပြောတယ်။

"ဒါပေမဲ့ ဘဝက အဲဒီလောက် မလွယ်ကူဘူး"

ဘူတာကနေ ကျွန်တော် ပြန်တော့ သူ ပြောခဲ့တာတွေ ကျွန်တော် သုံးသပ်ကြည့်မိတယ်။ သူ ပြောတာ ဟုတ်ပါတယ်။ ကျွန်တော် ခံစားနေရတာတွေကို သူများကို လှစ်ဟပြလေ့ မရှိဘူး။ သူကတော့ ကျွန်တော့်ကို ပြောလေ့ရှိတယ်။ ကျွန်တော် သူ့လို မလုပ်နိုင်ပါဘူး။ ကျွန်တော် သူ့ကို တကယ်ကြိုက်ပါတယ်။ ဒါပေမဲ့ တစ်စုံတစ်ခုသော အရာက ကျွန်တော့်ကို ဆွဲထားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော် ဘူတာကနေ အိမ်ကို အကြိမ်ပေါင်း တစ်ထောင်လောက် ပြန်ခဲ့ဖူးပါပြီ။ ဒါပေမဲ့ ခုတော့ နိုင်ငံခြားမြို့တစ်မြို့ကို ရောက်နေသလိုပဲ။ အီဇူမိရဲ့ ဝတ်လစ်စားလစ် ခန္ဓာကိုယ်ကို ခေါင်းထဲက ထုတ်လို့ မရဘူး။ တောင့်တင်းနေတဲ့ ရင်သီးထိပ်လေးတွေ၊ ပါးလျတဲ့ ဆီးခုံမွေးတွေ၊ နူးညံ့တဲ့ ပေါင်တံတွေ။ ကျွန်တော် မတ်တတ်တောင် ကြာကြာ မရပ်နိုင်တော့ဘူး။ ကျွန်တော် ဈေးရောင်းစက်ကနေ စီးကရက် ဝယ်လိုက်ပြီး ကျွန်တော်တို့ ထိုင်ခဲ့တဲ့နေရာမှာ သွားထိုင်ပြီး စိတ်ငြိမ်အောင် တစ်လိပ် သောက်လိုက်တယ်။

ကျွန်တော့် အဒေါ်သာ ဖြုန်းစားကြီး မရောက်လာခဲ့ရင် အခြေအနေက ဒီထက် ပိုကောင်းမှာ။ အနှောင့်အယှက်သာ မရှိခဲ့ရင် ကျွန်တော်တို့ နှစ်လိုဖွယ် နှုတ်ဆက်စကား ပြောနိုင်ခဲ့မှာ။ ကျွန်တော်တို့ ဒီထက် ပိုပြီး ပျော်နိုင်ခဲ့မှာ။ ဒါပေမဲ့ ကျွန်တော့်အဒေါ် ရောက်မလာခဲ့ရင်လည်း ဒီလိုအလားတူ ပြဿနာ တစ်မျိုးမျိုးတော့ ဖြစ်မှာပါ။ ဒီနေ့ မဟုတ်ရင် မနက်ဖြန် ဖြစ်မှာ။ တကယ့် အကြီးမားဆုံး ပြဿနာက ဒါမျိုး ရှောင်လွှဲမရနိုင်ဘူး ဆိုတာ သူ့ကို နားလည်အောင် ကျွန်တော် မပြောတတ်တာပါပဲ။ ကျွန်တော့်ကိုယ် ကျွန်တော် နားလည်အောင်မှ မပြောတတ်ပဲ။

နေဝင်သွားတော့ လေက အေးလို့လာတယ်။ ဆောင်းဟာ မြန်မြန်ကြီး ရောက်လို့လာတယ်။ နှစ်သစ်ကူးပြီးရင် ဝင်ခွင့်စာမေးပွဲ ဖြေရတော့မယ်။ ဘဝ အသစ်ကို စရတော့မယ်။ မလွယ်ကူပေမယ့် ကျွန်တော် အပြောင်းအလဲကို လိုချင်တယ်။ ကျွန်တော့်ခန္ဓာကိုယ်နဲ့ နှလုံးသားက မသိသေးတဲ့ နယ်မြေနဲ့ လတ်ဆတ်တဲ့ လေတွေကို တောင့်တနေတယ်။ ဒီနှစ်မှာပဲ ဂျပန်တစ်နိုင်ငံလုံးက တက္ကသိုလ်တွေနဲ့ တိုကျိုမှာ ကျောင်းသားသပိတ်တွေ တရမန်းကြမ်း ဖြစ်ခဲ့တယ်။ ကမ္ဘာကြီးဟာ ကျွန်တော့် မျက်စိရှေ့မှာပဲ ပြောင်းလဲလို့ နေတယ်။ အဲဒီ ရောဂါကို ကျွန်တော်လည်း သေလုနီးပါး လိုချင်နေတယ်။ အီဇူမိဟာ ကျွန်တော့်ကို ဒီမှာပဲ နေပြီး သူနဲ့ လိင်ဆက်ဆံစေချင်ပေမယ့် အိပ်ငိုက်နေတဲ့ ဒီမြို့မှာ နေမယ့် ကျွန်တော့်ရဲ့ နေ့ရက်တွေဟာ သိပ်မကျန်တော့တာ ကျွန်တော် သိတယ်။ ဒါဟာ ကျွန်တော်တို့ အချစ်ရေး ဇာတ်သိမ်းတာ ဆိုရင်လည်း ရှိပါစေတော့။ ကျွန်တော် ဒီမှာ ဆက်နေရင် ကျွန်တော့် ကိုယ်ထဲက တစ်စုံတစ်ရာဟာ ထာဝရ ပျောက်ကွယ်သွားလိမ့်မယ်။ အဲဒါက ကျွန်တော် မပျောက်ဆုံးချင်တဲ့ အရာပါ။

mgyoe.com

mgyoe.com

SAMPLE BOOK


ဝိုးတဝါး အိပ်မက်တစ်ခုပါပဲ။ မီးလောင်ကျွမ်းနေတဲ့ အလိုမပြည့်တဲ့ စိတ်ဆန္ဒပါ။ အသက် ဆယ့်ခုနစ်နှစ်မှာပဲ ရနိုင်တဲ့ အိပ်မက်မျိုးပေါ့။

အီဗူမိဟာ ကျွန်တော့် အိပ်မက်တွေကို ဘယ်တော့မှ နားလည်မှာ မဟုတ်ဘူး။ သူ့မှာလည်း သူ့အိပ်မက်တွေ ရှိမှာပါ။ ကျွန်တော်နဲ့ မတူတဲ့ အဝေးက နေရာတစ်ခု၊ ကမ္ဘာတစ်ခု ဖြစ်မှာပေါ့။

ကျွန်တော့် ဘဝသစ် မစခင်မှာ ပြဿနာတစ်ခုက ကျွန်တော်တို့ အချစ်ရေးကို အပိုင်းပိုင်း အစစ ကွဲကြေစေခဲ့ပါပြီ။

• • •

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၄ )

ကျွန်တော် ပထမဆုံး အိပ်ဖူးတဲ့ မိန်းကလေးက တစ်ဦးတည်းသော သမီးပါပဲ။ အိဇူမိလိုပဲ သူ့ကို ဘယ်သူကမှ လည်ပြန် စောင်းငဲ့ကြည့်ကြမှာ မဟုတ်ပါဘူး။ သူ့ကို ဂရုတစိုက် ကြည့်တဲ့ လူတောင် မရှိသလောက်ပါပဲ။ ဒါပေမဲ့ ကျွန်တော် သူ့ကို ပထမဆုံးအကြိမ် တွေ့စဉ်မှာ ကျွန်တော်ဟာ လမ်းပေါ်မှာ နေ့လယ်ခင်း လမ်းလျှောက်ရင်း ခေါင်းကို မိုးကြိုး အပစ်ခံလိုက်ရသလို ဖြစ်ခဲ့ပါတယ်။ အကယ်၍တွေ၊ ပြီးတော့တွေ၊ ဒါပေမဲ့တွေကို ကျွန်တော် မကြိုက်ပါဘူး။

နည်းပါးလှတဲ့ ခြွင်းချက်တချို့က လွဲလို့ လှတဲ့ မိန်းမတွေက ကျွန်တော့်ကို စိတ်မဝင်စားကြပါဘူး။ တစ်ခါတလေ လမ်းပေါ်မှာ လျှောက်နေရင်း သူငယ်ချင်းတစ်ယောက်က ကျွန်တော့်ကို တံတောင်နဲ့ တွက်ပြီး "ဝေါင်း.... အဲဒီမိန်းကလေးကို မင်း မြင်လိုက်လား" လို့ မေးရင် ကျွန်တော် သူ ဘာကို ဆိုလိုချင်မှန်း လုံးလုံး မသိပါဘူး။ မော်ဒယ်တွေ၊ ရုပ်ရှင်မင်းသမီးတွေကို ကျွန်တော် စိတ်မဝင်စားပါဘူး။ ဘာကြောင့်လဲတော့ ကျွန်တော် မသိပါဘူး။ ကျွန်တော့်အတွက်တော့ အိပ်မက်လောကနဲ့ တကယ့်လောကကြားမှာ နယ်ခြား ထားတဲ့ မျဉ်းဟာ မှုန်ရီဝိုးတဝါး

mgyoe.com

mgyoe.com  SAMPLE BOOK 

ပါပဲ။ ကျွန်တော် ဆယ်ကျော်သက် အရွယ်လောက်ကတည်းက လှပ ချောမောတဲ့ မျက်နှာတစ်ခုတည်းနဲ့ မစွဲလမ်းတတ်ခဲ့ပါဘူး။

အပြင်ပန်း လှပတာနဲ့ ကျွန်တော့်ကို ဆွဲဆောင်နိုင်တာ နည်းပါးလှတဲ့ အရေအတွက်ပဲ ရှိပါတယ်။ ဒါပေမဲ့ သူတို့မှာ နက်ရှိုင်းတဲ့ တစ်ခုခု၊ ပကတိဖြစ်တဲ့ တစ်ခုခုတော့ ရှိကြပါတယ်။ တချို့လူတွေက မိုးမုန်တိုင်းတွေ၊ ငလျင်တွေ၊ အမှောင်ကျတာတွေကို လျှို့ဝှက်သိုသိပ်စွာ ချစ်မြတ်နိုးတတ်သလို ကျွန်တော်က လည်း ဆန့်ကျင်ဘက်လိင် တချို့ဆီက အဓိပ္ပာယ်ဖွင့်လို့ မရနိုင်တဲ့ တစ်စုံတစ်ရာ နှစ်သက်မိပါတယ်။ ဒီထက် ပိုကောင်းတဲ့ စကားနဲ့ ပြောရရင် သံလိုက်ဆွဲအားလို့ ပြောရမှာပါပဲ။ ကြိုက်ချင် ကြိုက်၊ မကြိုက်ချင် နေပါ၊ လူတွေကို အနားဆွဲခေါ်နိုင်ပြီး ချာချာလည်စေနိုင်တဲ့ စွမ်းအားမျိုးပေ့ါ။

အနီးစပ်ဆုံး နှိုင်းယှဉ်ပြောရရင်တော့ ရေမွှေးနံ့ရဲ့ စွမ်းအင်လိုပါပဲ။ရေမွှေးဖော်စပ်သူ ဆရာကိုယ်တိုင်တောင် ဘယ်အမွှေးရနံ့က သံလိုက်ဓာတ်ကိုဖြစ်စေတယ် ဆိုတာ ပြောနိုင်ချင်မှ ပြောနိုင်မှာပါ။ သိပ္ပံပညာမှာ မရှင်းပြနိုင်တာတွေ ရှိပါတယ်။ အမွှေးနံ့သာတွေ ပေါင်းစပ်လိုက်ခြင်းက အပူထဲက တိရစ္ဆာန်ရဲ့ ရနံ့ခြေရာ ခံနိုင်သလို ဆန့်ကျင်ဘက်လိင်တွေကို ဖမ်းဆီးလိုက်နိုင်ပါတယ်။ တချို့ရနံ့တွေက လူတစ်ရာမှာ ငါးဆယ်လောက်ကို ဆွဲဆောင်နိုင်တယ်။ တချို့ရနံ့တွေကတော့ ကျန်တဲ့လူ ငါးဆယ်ကို ဆွဲဆောင်နိုင်တယ်။ လူတစ်ယောက်၊ နှစ်ယောက်လောက်ကို အရူးအမူး စိတ်လှုပ်ရှားအောင် ဆွဲဆောင်နိုင်တဲ့ ရနံ့တွေလည်း ရှိသေးတယ်။ ကျွန်တော့်မှာ ဟိုးအဝေးက ထူးခြားတဲ့ ရနံ့ကို အနံ့ခံနိုင်တဲ့ အရည်အချင်း ရှိပါတယ်။ ကျွန်တော် အဲဒီလို ဖြစ်တိုင်း ထူးခြားတဲ့ အရှိန်အဝါတွေ ထုတ်လွှင့်နေတဲ့ မိန်းကလေးနား သွားပြီး ဟေး ငါ တွေ့ပြီ။ ဘယ်သူမှ မသိပေမယ့် ငါ သိပြီလို့ ပြောလိုက်ချင်တယ်။

□

အဲဒီမိန်းကလေးကို စတွေ့စဉ်ကတည်းက ကျွန်တော် သူနဲ့ အိပ်ချင်မှန်း သိခဲ့တယ်။ ပိုပြီး တိတိကျကျ ပြောရရင် ကျွန်တော် သူနဲ့ အိပ်မှကို ရမယ်။ သူလည်း ကျွန်တော့်လိုပဲ ဆိုတာ စိတ်ထဲကနေ သိနေတယ်။ ကျွန်တော် သူနဲ့ အတူရှိနေ

mgyoe.com

mgyee.com SAMPLE BOOK


ချိန်မှာ ပြောရရင် ကျွန်တော့် တစ်ကိုယ်လုံး တုန်ခါလို့ နေတယ်။ ကျွန်တော့် လိင်တံက အရမ်းမာကျောနေလို့ ကျွန်တော် လမ်းလျှောက်လို့တောင် မရဘူး။ အဲဒီလို ခံစားမှုမျိုးကို ရှီမာမိုတိုနဲ့တုန်းက ခံစားခဲ့ရတာကို ကျွန်တော် သိတယ်။ ဒါပေမဲ့ အဲဒီတုန်းကတော့ ငယ်လွန်းသေးတော့ ဘာမှန်း မပြောတတ်ခဲ့ဘူး။ ဒီမိန်းကလေးကို ကျွန်တော် စတွေ့တော့ ကျွန်တော့် အသက် ဆယ့်ခုနစ်နှစ်၊ ဟိုက်စကူး ကျောင်းသား။ သူက အသက်နှစ်ဆယ်၊ ကောလိပ်ကျောင်းသူ။ အားလုံးထက် အရေးကြီးဆုံး အချက်က သူဟာ အီဇူမိရဲ့ အစ်မဝမ်းကွဲ ဖြစ်နေတာပဲ။ သူ့မှာ ရည်းစားတစ်ယောက် ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ နှစ်ယောက်လုံး အဲဒါကို ဂရုမစိုက်ဘူး။ သူက အသက် လေးဆယ့်နှစ်နှစ်၊ ကလေး သုံးယောက် အမေ၊ နောက်မှာ အမြီးတစ်ချောင်း ပေါက်နေလည်း ကျွန်တော် ဂရုစိုက်မှာ မဟုတ်ပါဘူး။ သံလိုက်ဆွဲအားက အဲဒီလောက်ကို အားကောင်းတယ်။ ကျွန်တော် အဲဒီမိန်းကလေးကို လက်လွှတ် မခံနိုင်ပါဘူး။ လက်လွှတ်ခဲ့ရရင် ကျွန်တော် တစ်ဘဝလုံး နောင်တရနေမှာပါ။

ဘာပဲပြောပြော ကျွန်တော့် ကောင်မလေးရဲ့ အစ်မဝမ်းကွဲနဲ့ ကျွန်တော့် လူပျိုစင် ဖြစ်မှုကို ဆုံးရှုံးခဲ့ရတယ်။ အသက်ကွာပြီး ရိုးရိုးအစ်မဝမ်းကွဲ မဟုတ်ဘဲ သူနဲ့ အနီးကပ်ဆုံးရှိတဲ့ အစ်မဝမ်းကွဲ။ အီဇူမိနဲ့ သူဟာ ငယ်ငယ်လေးကတည်းက တစ်ယောက်ဆီ တစ်ယောက်ပုံမှန် အလည်လာလေ့ရှိတယ်။ သူ့အစ်မဝမ်းကွဲဟာ အင်ပါယာ နန်းတော်ဟောင်း၊ ဂိုရှိုဂိတ် အနောက်ဘက်နားက တိုက်ခန်းတစ်ခန်းမှာ နေပြီး ကောလိပ် ဒုတိယနှစ် တက်လို့ နေတယ်။ အီဇူမိနဲ့ ကျွန်တော် ကျိုတိုကို တစ်ခါ သွားခဲ့ကြတယ်။ သူ့ဆီကို ဖုန်းဆက်ပြီး နေ့လယ်စာ အတူစားဖြစ်ကြတယ်။ ကျွန်တော့် အဒေါ် ရောက်လာခဲ့လို့ ရန်ဖြစ်ပြီး နှစ်ပတ် အကြာမှာပါ။

အီဇူမိက မိနစ် အနည်းငယ်လောက် အပြင်သွားတဲ့ အချိန်မှာ သူ တက်နေတဲ့ ကောလိပ် အကြောင်း မေးချင်လို့ ဆိုပြီး သူ့ဆီက ဖုန်းနံပါတ်ကို ကျွန်တော် တောင်းထားလိုက်တယ်။ နောက်နှစ်ရက် အကြာမှာ လာမယ့် တနင်္ဂနွေကျရင် လာတွေ့လို့ရမလားလို့ သူ့ဆီ ကျွန်တော် ဖုန်းဆက်မေးလိုက်တယ်။ သူ ခဏလောက် စဉ်းစားလိုက်ပြီးတော့ ရတယ်လို့ ပြန်ဖြေတယ်။ သူ့ လေသံထဲက တစ်စုံတစ်ခုက သူ ကျွန်တော်နဲ့ အိပ်ဖို့ မျှော်လင့်နေတယ် ဆိုတာ

mgyoe.com

mgyoe.com


ကိုပြသနေလို့ကျွန်တော့်ကိုယ်ကျွန်တော် ယုံကြည်မှု တိုးစေတယ်။ အဲဒီတနင်္ဂနွေနေ့မှာ ကျွန်တော် ကျိုတိုကို တစ်ယောက်တည်း သွားပြီး သူနဲ့ တွေ့လိုက်တယ်။ နေ့လယ်လောက် ရောက်တော့ ကျွန်တော်တို့ နှစ်ယောက်အိပ်ရာထဲ ရောက်တော့တာပါပဲ။

နောက်နှစ်လလောက် ကျွန်တော်တို့ ပြင်းပြင်းပြပြ လိင်ဆက်ဆံကြတယ်။ ကျွန်တော့် ဦးနှောက် အရည်ပျော်တော့မယ် လို့တောင် ကျွန်တော်ထင်မိတယ်။ ရုပ်ရှင် မကြည့်ဘူး၊ လမ်း မလျှောက်ဘူး၊ ဝတ္ထုတွေ အကြောင်း၊ ဂီတ အကြောင်း၊ ဘဝ အကြောင်း၊ စစ်အကြောင်း၊ တော်လှန်ရေးအကြောင်း ဘာဆို ဘာမှ မပြောဘူး။ ဟိုဟာက လွဲလို့ ကျွန်တော်တို့ ဘာမှ မလုပ်ဘူး။ ကျွန်တော်တို့ စကားကို နည်းနည်းပဲ ပြောခဲ့တယ်။ အဲဒီတုန်းက ကျွန်တော် ဘယ်လို ရှိခဲ့လဲ ဆိုတာ သိပ်မစဉ်းစားနိုင်ဘူး။ ကျွန်တော် အသေးစိတ် မှတ်မိသလောက်ကတော့ သူ့ခေါင်းအုံးဘေးမှာ နှိုးစက်နာရီတစ်လုံး၊ ပြတင်းပေါက်မှာ လိုက်ကာတွေ၊ စားပွဲပေါ်မှာ အနက်ရောင် ဖုန်းတစ်လုံး၊ ပြက္ခဒိန်ပေါ်မှာ ဓာတ်ပုံတွေ၊ ကြမ်းပြင်ပေါ် ကျနေတဲ့ သူ့အဝတ်အစားတွေ။ သူ့ရဲ့ ကိုယ်နံ့နဲ့ သူ့အသံ။ ကျွန်တော် သူ့ကို ဘာမေးခွန်းမှ မမေးသလို သူကလည်း မမေးဘူး။ တစ်ခါတော့ ကျွန်တော်တို့ အိပ်ရာထဲမှာ လှဲနေတုန်း သူ့ကို တစ်ဦးတည်းသော သမီးလားလို့ အသံထွက် မေးမိတယ်။

"ဟုတ်တယ်"

လို့ သူ အံ့သြတဲ့ ပုံနဲ့ ပြန်ဖြေတယ်။

"မင်း ဘယ်လို သိတာလဲ"

"ဘာ အကြောင်းပြချက်မှ မရှိပါဘူး။ ကျွန်တော် ခံစားမိလို့ပါ"

သူ ကျွန်တော့်ကို ခဏကြည့်တယ်။

"မင်းလည်း တစ်ဦးတည်းသော သား ဖြစ်မယ်"

"ဟုတ်တယ်"

လို့ ကျွန်တော် ပြောလိုက်တယ်။

ကျွန်တော် မှတ်မိသလောက် ကျွန်တော်တို့ စကားဝိုင်းက အဲဒီလောက်ပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော်တို့ အစာ စားဖို့၊ ရေသောက်ဖို့တောင် မရပ်သလောက်ဘဲ။ ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်တာနဲ့ စကားတစ်ခွန်းတောင် မပြောကြဘဲ အဝတ်အစားတွ ချွတ်ချလိုက်ပြီး အိပ်ရာထဲ ရောက်သွားကြတာချည်းပဲ။ ကျွန်တော့်မျက်စိရှေ့မှာ ရှိနေတဲ့ အရာအတွက် ကျွန်တော်ဟာ အငမ်းမရ ဖြစ်သလို သူလည်း အတူတူပဲ။ ကျွန်တော်တို့ နှစ်ယောက် ဆုံလိုက်တိုင်း ကျွန်တော်တို့ လေး ငါးခါလောက် ဆက်ဆံဖြစ်တယ်။ ပြောရရင် ကျွန်တော် အရည်တွေ ခန်းသွားတဲ့အထိ၊ ကျွန်တော့် လိင်တံထိပ် နာကျင်ကိုက်ခဲတဲ့ အထိပဲ။ အဲဒါကို ကြိုက်ပြီး တစ်ယောက်ကို တစ်ယောက် ခပ်ကြမ်းကြမ်း ဆက်ဆံရတာကို ကြိုက်ပေမယ့်လည်း ကျွန်တော်တို့ နှစ်ယောက်လုံး ရေရှည်ချစ်သူတွေ ဖြစ်ကြဖို့ ဆန္ဒမရှိကြဘူး။ ကျွန်တော်တို့ နှစ်ယောက်စလုံးဟာ ဝဲကတော့ကြီးရဲ့ အလယ်ထဲမှာ ကျွန်တော်တို့ ဖြတ်သန်းနေကြတယ်။ ကျွန်တော်တို့ တွေ့ဖြစ်တဲ့ အချိန်တိုင်းဟာ နောက်ဆုံးအကြိမ် ဖြစ်သွားနိုင်တယ် ဆိုတာကို သိထားတော့ ကျွန်တော်တို့ရဲ့ ရမ္မက်မီးကို အစွမ်းကုန် မြှင့်တင်နိုင်သမျှ မြှင့်တင်ခဲ့ကြတယ်။

ကျွန်တော် သူ့ကို မချစ်ဘူး။ သူလည်း ကျွန်တော့်ကို မချစ်ပါဘူး။ ကျွန်တော့်အတွက်တော့ အချစ်ဆိုတာ ဘာလဲ ဆိုတဲ့ မေးခွန်းဟာ သက်ဆိုင်ခြင်း မရှိပါဘူး။ ကျွန်တော် တွေ့ရှိခဲ့တာကတော့ ဒေါသတကြီး ဖြစ်မှု၊ ရိုင်းစိုင်းကြမ်းတမ်းမှု အင်အားစုရဲ့ တွန်းချခံရတဲ့ စိတ်ခံစားမှု၊ အဲဒီအလယ်မှာမှ ပကတိ သေရေး ရှင်ရေးလောက် အရေးပါတဲ့ အရာ ရှိလို့နေတယ်။ အဲဒါ ဘာလဲ ဆိုတာတော့ ကျွန်တော် မသိဘူး။ ဒါပေမဲ့ ကျွန်တော့် လက်ကို သူ့ကိုယ်ထဲ ထိုးသွင်းကိုင်ကြည့်လိုက်ချင်တယ်။ ဘာပဲ ရှိရှိပေါ့။

ကျွန်တော် အီဇူမိကို အရမ်းကြိုက်ပါတယ်။ ဒါပေမဲ့ ဒီလို ကျိုးကြောင်းဆင်ခြင်မှုမဲ့တဲ့ စွမ်းအားမျိုး သူနဲ့ တစ်ခါမှ မဖြစ်ဖူးဘူး။ ဒီမိန်းကလေးနဲ့တော့ ကျွန်တော် ဘာမှကို မသိပေမယ့် သက်ရောက်မှုကတော့ ကြီးမား နက်ရှိုင်းလှတယ်။ ကျွန်တော်တို့ ဘာအကြောင်းအရာမှ လေးလေးနက်နက် မပြောဖြစ်ဘူး၊ ပြောဖို့လည်း မလိုမှန်း သိထားကြတယ်။ ကျွန်တော်တို့မှာ စကားပြောနိုင်လောက်တဲ့ အား ရှိနေသေးရင် စောင်တွေကြားမှာ တိုးဝှေ့ပြီး နောက်တစ်ချီ စတော့တာပါပဲ။

mgyoe.com

mgyoe.com  SAMPLE BOOK 

အဖြစ်အပျက်တွေကသာ ပုံမှန်အတိုင်း ဖြစ်သွားခဲ့မယ် ဆိုရင် လ အနည်းငယ်လောက်မှာ ကျွန်တော်တို့ နှစ်ယောက်ရဲ့ ဇာတ်လမ်းဟာ ချောချော မွေ့မွေ့နဲ့ ပြီးဆုံးသွားခဲ့မှာပါ။ ပြီးရင် တစ်ယောက်ကတော့ လွင့်ရမှာပဲလေ။ ကျွန်တော်တို့ လုပ်နေတာတွေဟာ လိုအပ်လို့ သဘာဝအတိုင်း လုပ်ဖြစ်ကြတယ် ဆိုတာကိုတော့ ကျွန်တော်တို့ တစ်စက်ကလေးမှ သံသယ မဝင်ဖြစ်ပါဘူး။ အစကတည်းက ချစ်မှာတို့ နောင်တရမှာတို့ မရှိခဲ့လို့ အနာဂတ်အကြောင်း လည်း စဉ်းစားစရာ မလိုခဲ့ပါဘူး။

ဒီဇာတ်လမ်းကိုသာ မသိသွားရင် အီဇူမိနဲ့ ကျွန်တော် ရည်းစား နှစ်ယောက်အနေနဲ့ ရှေ့ဆက်လို့ ရနိုင်ပါတယ်။ (မတွေ့ဘူး ဆိုတာက မဖြစ်နိုင် တော့ ကျွန်တော်တို့ရဲ့ လိင်မှုဇာတ်လမ်းကို ချောချောမွေ့မွေ့ အဆုံးသတ်ဖို့ပဲ လိုပါတယ်)နွေရာသီ ကျောင်းပိတ်ရက် ရောက်တိုင်း ကျွန်တော်တို့ နှစ်ယောက် အတူရှိကြတယ်။ ဒီမိတ်ဆွေဖြစ်မှုက ဘယ်လောက် ကြာရှည်ခံမယ် ဆိုတာ ဘယ်သူက သိနိုင်မှာမို့လဲ။ ဒါပေမဲ့ နောက်နှစ် အနည်းငယ်လောက် ဆိုရင် ကျွန်တော်တို့ နှစ်ယောက်ထဲက တစ်ယောက်ယောက်က လွင့်ရဦးမှာပါပဲ။ ကျွန်တော်တို့ နှစ်ယောက်က မတူကြပါဘူး။ ဒီမတူညီမှုကို အချိန်ကာလက ချဲ့ကား ပေးသွားပါလိမ့်မယ်။ ခုချိန် ပြန်တွေးကြည့်တော့ သိသာလွန်းပါတယ်။ ကျွန်တော်တို့ ကိုယ့်လမ်းကိုယ် လျှောက်ကြခဲ့ပြီး ကျွန်တော်က သူ့အစ်မဝမ်းကွဲနဲ့ မအိပ်ခဲ့ရင် ကျွန်တော်တို့ဟာ သူငယ်ချင်းတွေအနေနဲ့ ဂွတ်ဒ်ဘိုင်လို့ ပြောပြီး ဘဝရဲ့ နောက်တစ်ဆင့်ဆီကို ချီတက်သွားကြမှာပါပဲ။

ဒါပေမဲ့ အခြေအနေတွေကြောင့် အဲဒီလို မဖြစ်ခဲ့ဘူး။

အမှန်မှာတော့ ကျွန်တော်ဟာ အီဇူမိကို ပြန်ကုစားလို့ မရအောင် နာကျင်စေခဲ့တယ်။ သူ ဘယ်လောက်ထိ နာကျင်ရသလဲ ဆိုတာကို တွက်ဆမရ ဘူး။ သူ ရတဲ့ အမှတ်နဲ့ ထိပ်တန်းတက္ကသိုလ် ကောင်းကောင်းမှာ တက်လို့ ရပေ မယ့် သူ ဝင်ခွင့်စာမေးပွဲ မအောင်လို့ တတိယတန်းစား မိန်းကလေး ကောလိပ် အသေးလေးမှာပဲ သူ တက်ခဲ့ရတယ်။ ကျွန်တော်နဲ့ သူ့အစ်မဝမ်းကွဲအကြောင်း သိပြီးသွားတဲ့နောက် ကျွန်တော် အီဇူမိနဲ့ တစ်ခါပဲ တွေ့ဖြစ်တော့တယ်။ ကျွန်တော် တို့နှစ်ယောက်တွေ့နေကျကော်ဖီဆိုင်တစ်ဆိုင်မှာထိုင်ကြပြီးအချိန်အတော်ကြာ စကားပြော ဖြစ်ခဲ့တယ်။ ကျွန်တော် သူ့ကို ဖြစ်ခဲ့တာတွေကို ကျွန်တော့် စိတ်

mgyoe.com

mgyoe.com SAMPLE BOOK


ခံစားမှု ပေါ်လွင်စေဖို့ စကားလုံး သေချာရွေးပြီး အရိုးသားဆုံး ရှင်းပြဖို့ ကြိုးစားခဲ့တယ်။ ငါနဲ့ နင့်အစ်မကြား ဖြစ်ခဲ့တာတွေဟာ ကြိုတင် စီစဉ်ခဲ့တာ မဟုတ်ဘူးလို့ ကျွန်တော် ပြောလိုက်တယ်။ ရုပ်ပိုင်းဆိုင်ရာ စွမ်းအား တစ်ခုက ငါတို့ကို လွတ်သွားစေခဲ့တယ်။ အဲဒီလို ဖြစ်ခဲ့တာကို နင် မျှော်လင့်သလို ငါ့မှာ နောင်တရစိတ် လုံးဝ မဖြစ်မိဘူး။ ငါတို့နှစ်ယောက်လည်း ဘာမှ မတတ်နိုင်ဘူး။

ကျွန်တော် ဆိုလိုချင်တာကို အီဇူမိ နားမလည်တာ အမှန်ပါပဲ။ သူက ကျွန်တော့်ကို ညစ်ပတ်တဲ့ လူလိမ်လို့ ပြောပါတယ်။ သူ ပစ်မှတ်ကို မှန်အောင် ပစ်ခဲ့တယ်။ စကားတစ်ခွန်းတောင် မပြောဘဲ ကျွန်တော်ဟာ သူ့ နောက်ကွယ်မှာ သူ့အစ်မဝမ်းကွဲနဲ့ အိပ်ခဲ့တယ်။ တစ်ကြိမ်၊ နှစ်ကြိမ် မဟုတ်ဘူး၊ အကြိမ် တစ်ဆယ်၊ နှစ်ဆယ်။ စကားအရဆိုရင် ကျွန်တော် သူ့ကို သစ္စာဖောက်ခဲ့တယ်။ ကျွန်တော်သာ သင့်တင့်လျောက်ပတ်စွာ နေထိုင်ပြုမူခဲ့ရင် လိမ်လည် လှည့်ဖြားဖို့ ဘာကြောင့် လိုတော့မှာလဲ။ ကျွန်တော် အီဇူမိကို ဒီလို ပြောချင်တယ်။ ငါ နင့်အစ်မဝမ်းကွဲနဲ့ အိပ်ချင်ခဲ့တယ်။ ငါ့ဦးနှောက်တွေ ချောင်သွားတဲ့အထိ သူနဲ့ အကြိမ် ထောင်ပေါင်းများစွာ လုပ်ချင်နေခဲ့တယ်။ စိတ်ကူးလို့ ရသမျှ ပုံစံမျိုးစုံနဲ့။ အဲဒါ နင်နဲ့ ဘာဆိုင်လို့လဲ။ ကျွန်တော် အစကတည်းက ငြင်းခဲ့သင့်တာပါ။ ဒါပေမဲ့ မငြင်းနိုင်ခဲ့ဘူး။ အဲဒါကြောင့် ကျွန်တော် ထပ်ပြန်တလဲလဲ လိမ်နေရတာပေါ့။ ကျွန်တော် သူ့ကို ချိန်းတွေ့တာ ရပ်ဖို့ တောင်းပန်စကား ပြောဖို့ ဆုံးဖြတ်လိုက်တယ်။ ပြီးရင် ကျိုတိုသွားပြီး သူ့ဝမ်းကွဲအစ်မနဲ့ ဟိုဟာ သွားလုပ်မယ်။ အဲဒီလောက်ထိကို အခြေအနေ မရခဲ့ဘူး။ ကျွန်တော့်ကိုပဲ အပြစ်တင်ရမှာပါ။

ကျွန်တော်တို့ နှစ်ယောက် အကြောင်းကို ကျွန်တော့် မွေးနေ့ပြီးလို့ သိပ်မကြာခင် ဇန်နဝါရီ နောက်ဆုံးပတ်မှာ အီဇူမိ သိခဲ့တယ်။ ဖေဖော်ဝါရီမှာ ကျွန်တော် ကောလိပ်ဝင်ခွင့် စာမေးပွဲတွေကို အောင်ခဲ့ပြီး မတ်လအကုန်မှာ တိုကျိုကို ရွှေ့လာခဲ့တယ်။ ကျွန်တော် ထွက်မလာခင် သူ့ကို ထပ်တလဲလဲ ဖုန်းခေါ်ခဲ့တယ်။ သူ ဖုန်း လာမကိုင်ဘူး။ ကျွန်တော် သူ့ဆီ စာအရှည်ကြီး ရေးပို့ခဲ့ပေမယ့် ပြန်စာ မလာဘူး။ ဒီလိုမျိုး ကျွန်တော် မသွားသင့်ဘူးလို့ ကျွန်တော် ထင်တယ်။ ကျွန်တော် သူ့ကို ဒီအတိုင်း မထားခဲ့နိုင်ဘူး။ ဒါပေမဲ့ ကျွန်တော် ဘာမှ မတတ်နိုင်ဘူး။ အီဇူမိက ကျွန်တော်နဲ့ ဘယ်လိုမှ ထပ်မပတ်သက်ချင်တော့ဘူး။

mgyoe.com

mgyoe.com

တိုကျိုအသွား ကျည်ဆန်ရထားပေါ်မှာ ကျွန်တော် မြင်ကွင်းတွေကို အသိမဲ့စွာ ငေးကြည့်ရင်း ကိုယ့်အကြောင်း ကိုယ် စဉ်းစားမိတယ်။ ကျွန်တော် ဘယ်သူလဲ။ ပေါင်ပေါ် တင်ထားတဲ့ ကျွန်တော့်လက်တွေနဲ့ မှန်မှာ အရိပ်ထင်နေတဲ့ ကျွန်တော့် မျက်နှာကို ကြည့်မိတယ်။ ငါ ဘယ်လို ကောင်လဲလို့ ကျွန်တော် တွေးမိတယ်။ ကျွန်တော့် ဘဝမှာ ပထမဆုံးအနေနဲ့ ကိုယ့်ကိုယ်ကိုယ် ရွံရှာစက်ဆုပ်မှု ဖြစ်မိတယ်။ ဒီလိုဟာမျိုး ကျွန်တော် ဘယ်လို လုပ်ခဲ့တာလဲ။ ဘာကြောင့်လဲ ဆိုတာ ကျွန်တော် သိပါတယ်။ အဲဒီအခြေအနေအတိုင်းသာ ထပ်ရှိဦးမယ် ဆိုရင် ကျွန်တော် ထပ်လုပ်နေဦးမှာပါ။ ကျွန်တော် အီဇူမိကို လိမ်နိုင်ခဲ့ရင်တောင်မှ သူ့အစ်မဝမ်းကွဲနဲ့ ကျွန်တော် အိပ်ဖြစ်မှာပါ။ အီဇူမိ ဘယ်လောက် နာကျင်ရလဲ ဆိုတာကို အလေးထားမှာ မဟုတ်ဘူး။ ဒါဟာ နာကျင်ဖို့ ကောင်းတယ် ဆိုတာ သိနေပေမယ့် အမှန်ပါပဲ။

နာကျင်ရတာ အီဇူမိ တစ်ယောက်တည်း မဟုတ်ပါဘူး။ ကျွန်တော်လည်း နက်နက်ရှိုင်းရှိုင်း နာကျင်ရပါတယ်။ အဲဒီအချိန်တုန်းကတော့ ဘယ်လောက်ထိ နက်ရှိုင်းသလဲ ဆိုတာ ကျွန်တော် မသိပါဘူး။ ဒီအတွေ့အကြုံကနေ ကျွန်တော် သင်ခန်းစာ ယူသင့်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ပြန်ကြည့်လိုက်တော့ အချက်တစ်ချက်ပဲ ကျွန်တော် တွေ့ပါတယ်။ အဲဒါက ကျွန်တော်ဟာ မကောင်းတာ ဘာမဆို လုပ်နိုင်တဲ့ လူတစ်ယောက် ဆိုတာပါပဲ။ ကျွန်တော် ဘယ်သူ့ကိုမှ အသိရှိရှိနဲ့ နာကျင်အောင် မလုပ်ခဲ့ဖူးပါဘူး။ ဒါပေမဲ့ ရည်ရွယ်ချက်ကောင်းတွေ ရှိပေမယ့်လည်း လိုအပ်လာခဲ့ရင် ကျွန်တော်ဟာ လုံးလုံးလျားလျား တစ်ကိုယ်ကောင်းသမားဖြစ်ပြီး ရက်စက်ကောင်း ရက်စက်နိုင်တယ်။ ကျွန်တော်ဟာ ကိုယ်ချစ်တဲ့သူ တစ်ယောက်ကို ပြန်ကုမရနိုင်တော့တဲ့ ဒဏ်ရာရအောင် လုပ်ပြီး စွန့်ပစ်နိုင်တဲ့ လူစားမျိုးပါ။

ကောလိပ်ကျောင်းက ကျွန်တော့်ကို မြို့သစ်တစ်မြို့ကို ခေါ်ဆောင်လာခဲ့တယ်။ ဒီနေရာမှာ ကိုယ့်ကိုယ်ကိုယ် ပြန်လည် တီထွင်ရတော့မယ်။ အတိတ်က အမှားတွေကို ချေဖျက်ပြီး လူသစ်တစ်ယောက် ဖြစ်ဖို့ လုပ်ရမယ်။ ပထမတော့ ကျွန်တော် အကောင်းမြင်ပြီး ပြောင်းလဲနိုင်မယ် ထင်ခဲ့တယ်။ ဒါပေမဲ့ အဆုံးမတော့ ဘယ်နေရာပဲ ရောက်ရောက် ကျွန်တော်ဟာ အကျင့် မပြင်နိုင်ဘူး။ ဒီအမှားကိုပဲ ထပ်တလဲလဲ ကျူးလွန်ရင်း တခြားလူတွေကို နာကျင်စေတဲ့အပြင် ကိုယ့်ကိုယ်ကိုယ်လည်း နာကျင်စေတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် အသက်နှစ်ဆယ် ပြည့်ပြီးတဲ့ နောက်မှာ ဒီအတွေးက ကျွန်တော့်ကို ခြောက်လှန့်တယ်။ ငါ လူကောင်း ဖြစ်ဖို့ အခွင့်အရေး မပါဘူး ထင်တယ်။ ကျွန်တော် ကျူးလွန်ခဲ့တဲ့ အမှားတွေဟာ ကျွန်တော် ဖန်တီးထားတဲ့၊ ကျွန်တော် မလွတ်မြောက်နိုင်တဲ့ ကျွန်တော့်ရဲ့ တခြားသော ဖြစ်တည်မှုလည်း ဖြစ်နိုင်ပါတယ်။ ကျွန်တော် အဆုံးစွန်ထိ ရောက်ခဲ့တာကို သိပါတယ်။

◆ ◆ ◆

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၅ )

ကောလိပ်တက်ခဲ့တဲ့ လေးနှစ်တာ အချိန်ကာလဟာ ကျွန်တော့်အတွက် တော့ အချိန်ဖြုန်းတာ သက်သက်ပါပဲ။

ပထမနှစ်မှာ ကျွန်တော် ဆန္ဒပြပွဲတွေမှာ ပါခဲ့ပြီး ရဲတွေကို တိုက်ခိုက်ခဲ့တယ်။ သပိတ်မှောက် ကျောင်းသားတွေနဲ့ ကျွန်တော် အတူပါခဲ့ပြီး နိုင်ငံရေး ချီတက်ပွဲတွေမှာ ပါခဲ့တယ်။ ကျွန်တော် ရိုင်းစိုင်းကြမ်းတဲ့ စရိုက်လက္ခဏာ ရှိသူတွေနဲ့လည်း ဒီနည်းနဲ့ တွေ့ခဲ့ရတယ်။ ဒါပေမဲ့ ကျွန်တော့် နှလုံးသားက ဘယ်တော့မှ နိုင်ငံရေးထဲမှာ မရှိခဲ့ဘူး။ ကျွန်တော် မသိတဲ့ လူတွေနဲ့ ဆန္ဒပြပွဲတွေမှာ လက်ချင်းချိတ်ရတာနဲ့ ရဲတွေကို ခဲနဲ့ပေါက်ရတာဟာ ကျွန်တော့်အတွက် သက်သောင့်သက်သာ မရှိလှဘူး။ ဒါဟာ ငါ မဟုတ်ဘူးလို့ ကိုယ့်ကိုယ်ကိုယ် ကျွန်တော် ပြောလေ့ရှိတယ်။ ဒါဟာ ကျွန်တော် လိုချင်တာ ဟုတ်ရဲ့လားလို့ ကျွန်တော် တွေးမိတယ်။ ကျွန်တော့်ဘေးက လူတွေနဲ့ စည်းလုံးညီညွတ်မှု ဆိုတာကို ကျွန်တော် မခံစားနိုင်ဘူး။ အကြမ်းဖက်လိုတဲ့ ရန့်တွေ လမ်းတွေပေါ်မှာ လွှမ်းနေပြီး နေ့တစ်နေ့ရဲ့ ကြွေးကြော်သံတွေဟာ အားကောင်းပေမယ့် မကြာခင်

mgyoe.com

mgyoe.com SAMPLE BOOK

ရည်ရွယ်ချက် ပျောက်ကွယ်သွားတာချည်းပဲ။ ဒီအချိန်မှာ ကျွန်တော်နဲ့ အိဇူမိ အတူတူ ရှိခဲ့တဲ့ အချိန်ဟာ ပိုပြီး တန်ဖိုးရှိခဲ့တာကို နားလည်လာတယ်။ ဒါပေမဲ့ နောက်ပြန်လှည့်လို့ မရတော့ပါဘူး။ အဲဒီကမ္ဘာကို ကျွန်တော် လက်ပြ နှုတ်ဆက်ခဲ့ပြီးပြီပဲ။

ကျွန်တော် တက်ရတဲ့ အတန်းတော်တော်များများဟာ ပျင်းစရာတွေချည်းပါပဲ။ ဘယ်လိုမှ စိတ်လှုပ်ရှားစရာ မကောင်းဘူး။ နောက်တော့ ကျွန်တော် အချိန်ပိုင်း အလုပ်နဲ့ မအားမလပ် ဖြစ်လာတော့ ကောလိပ်တောင် မသွားတော့သလောက် ဖြစ်လာခဲ့တယ်။ ဒီလေးနှစ်အတွင်းမှာ ကံတရား တစ်ခုတည်းကသာ ကျွန်တော့်ကို ဘွဲ့ရအောင် ကူညီပေးခဲ့တယ်။ ပထမနှစ်မှာ ကျွန်တော်နဲ့ အတူ ခြောက်လလောက် နေပေးခဲ့တဲ့ ရည်းစားတစ်ယောက် ရှိခဲ့တယ်။ ဒါပေမဲ့ အဆင်မပြေပါဘူး။ ဘဝမှာ ဘာလိုချင်လဲ ဆိုတာ တစိုးတစိတောင် ကျွန်တော် မသိဘူး။

နောက်ထပ် ကျွန်တော် သိတာ တစ်ခုက နိုင်ငံရေးရာသီ ကုန်သွားပြီဆိုတာပါပဲ။ လေမတိုက်တဲ့ နေ့မှာ ငိုက်စိုက်ကျနေတဲ့ အလံလို အချိန်အတိုင်းအတာ တစ်ခုလောက် လူ့အဖွဲ့အစည်းကို တုန်ခါစေခဲ့တဲ့ အင်အားကြီး လှိုင်းလုံးတွေဟာ အရောင်အဆင်းမဲ့၊ ဘာမှ မထူးခြားတဲ့ နိစ္စဓူဝ အလုပ်ချိန်တွေက ဝါးမျိုလိုက်နိုင်ခဲ့တယ်။

ကျွန်တော်ဘွဲ့ရပြီးတဲ့နောက် သူငယ်ချင်းတစ်ယောက်ရဲ့ အကူအညီနဲ့ ပညာရေး စာအုပ်တွေ ထုတ်တဲ့ ထုတ်ဝေရေးကုမ္ပဏီမှာ အယ်ဒီတာ အလုပ်တစ်ခု ရခဲ့တယ်။ ကျွန်တော် ဆံပင်ညှပ်ရတယ်၊ ရှူးဖိနပ်ကို ပေါ်လစ်တိုက်ရတယ်၊ အနောက်တိုင်း ဝတ်စုံတစ်စုံ ဝယ်ခဲ့ရတယ်။ ကျွန်တော်ဟာ လူအများနဲ့ လုပ်ရတဲ့ အလုပ်တွေကို သဘောမကျပေမယ့် အဲဒီတုန်းက စာပေမေဂျာနဲ့ ဘွဲ့ရထားသူတွေအတွက် အလုပ်အကိုင်က ရှားပါးလွန်းတာရယ်၊ ကျွန်တော် ရခဲ့တဲ့ အမှတ်က နည်းတာရယ်နဲ့ အဆက်အသွယ် မရှိတာတွေရယ်ကြောင့် ရတဲ့ အလုပ် လုပ်ခဲ့ရတယ်။

အလုပ်က တော်တော့်ကို ပျင်းဖို့ ကောင်းတယ်။ ကုမ္ပဏီက အလုပ်လုပ်ရတာ ဆိုးလှတဲ့ နေရာတစ်ခုတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျောင်းသုံးစာအုပ်တွေကို တည်းဖြတ်ရတာဟာ ကျွန်တော့် အလုပ်နေ့တွေကို တောက်ပစေ

mgyoe.com

ခြင်း တစ်ကြိမ်မှ မရှိခဲ့ပါဘူး။ ပထမတော့ ကျွန်တော် ဒီလို တွေးတယ်။ အိုကေလေ။ ထိုက်တန်တဲ့ အလုပ် မရမချင်း အကောင်းဆုံးဖြစ်အောင် လုပ်မယ်။ နှစ်ဝက်လောက် ကျွန်တော် အကောင်းဆုံး ကြိုးစားလုပ်ခဲ့တယ်။ ကိုယ့်မှာ ရှိသမျှ အကောင်းဆုံးတွေ ပေးလိုက်၊ ကောင်းတာ တစ်ခုခု ပေါ်လာလိမ့်မယ် မဟုတ်လား။ ဒါပေမဲ့ ကျွန်တော် လက်လျှော့လိုက်ရတယ်။ ဘယ်လိုပဲ ကြည့်ကြည့်၊ ဒီအလုပ်က ကောင်းတဲ့ အလုပ်တော့ မဟုတ်ဘူး။ ကျွန်တော့် ဘဝရဲ့ နောက်ဆုံး အချိန်ဟာ ကျွန်တော့်ကို မျက်နှာချင်းဆိုင် ကြည့်နေပြီလို့ တောင် ကျွန်တော် ခံစားမိခဲ့တယ်။ လတွေ၊ နှစ်တွေဟာ တစ်ခုပြီး တစ်ခု ဖြတ်သန်းသွားခဲ့ပေမယ့် ကျွန်တော့် ခေါင်းထဲမှာတော့ ပျင်းရိငြီးငွေ့မှုတွေပဲ ရှိခဲ့တယ်။ တစ်နေ့ပြီးတစ်နေ့ စားပွဲမှာထိုင်၊ စာမျက်နှာတွေ ပရုစစ်၊ လိုင်းတွေ ရေတွက်၊ စာလုံးပေါင်း စစ်ရင်းနဲ့ ကျွန်တော် အငြိမ်းစားယူဖို့ သုံးဆယ့်သုံးနှစ်တောင် ကျန်သေးတယ်။ ကျွန်တော် သဘောကောင်းတဲ့ ကောင်မလေးတစ်ယောက်နဲ့ ညားကောင်း ညားပြီး ကလေးတွေ ရလာမယ်။ နှစ်နှစ် တစ်ကြိမ် ရတဲ့ အပိုဆုကြေးဟာ ငြီးငွေ့စရာ ဒီဘဝအတွက် ပျော်စရာ အချိန်ပေါ့။ အီဇူမိ ကျွန်တော့်ကို ပြောဖူးတာကို သတိရမိတယ်။

"နင် အရွယ်ရောက်ရင် တကယ်ကို ထူးခြားတဲ့ လူတစ်ယောက် ဖြစ်မှာပါ။ နင့်မှာ ထူးခြားတာတွေ ရှိတယ်"

ကျွန်တော် ပြန်စဉ်းစားတိုင်း အဲဒီစကားက ကျွန်တော့်ကို နာကျင်စေတယ်။ ငါ့မှာ ထူးခြားတာ တစ်ခုခု ရှိတယ် ဟုတ်လား အီဇူမိ။ မေ့လိုက်တော့။ နင် သိတယ် ဆိုတာကို ငါ သေချာ သိပါတယ်။ လူတိုင်း အမှား လုပ်တတ်တာပဲလေ။

ကျွန်တော် အလုပ်ကို စက်ဆန်ဆန် လုပ်တယ်။ အားတဲ့ အချိန်တွေကို စာဖတ်၊ သီချင်းနားထောင်ရင်း ကျွန်တော် ဖြတ်သန်းတယ်။ အလုပ်က ပျင်းဖို့ ကောင်းတဲ့ တာဝန်ယူရမှုပါပဲလို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ ကျွန်တော် အလုပ်မလုပ်ရတဲ့ အချိန်တွေမှာ ကျွန်တော့် ကိုယ်ပိုင်အချိန်တွေကို ကိုယ့်ကိုယ်ကိုယ် ပျော်အောင် အကောင်းဆုံး လုပ်နေတတ်တယ်။ အလုပ်က တခြားလူတွေနဲ့ ကျွန်တော် ဘယ်တော့မှ ထွက်သောက်လေ့ မရှိဘူး။ ကျွန်တော် လူတွေနဲ့ အဆင်မပြေတာတော့ မဟုတ်ပါဘူး။ ကျွန်တော့် လုပ်ဖော်ကိုင်ဖက်တွေကို ပုဂ္ဂိုလ်ရေး ရင်းနှီးတဲ့အထိ ကျွန်တော် မလုပ်ချင်တာပါ။ ကျွန်တော့် အားလပ်ချိန်က ကျွန်တော့်အတွက်ပဲ ဖြစ်ရမယ်လို့ ကိုယ့်ကိုယ်ကိုယ် ပိုင်းဖြတ်ထားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


အချိန် လေး ငါးနှစ်ဟာ ဖျတ်ခနဲ ကုန်ဆုံးသွားတယ်။ ကျွန်တော် ရည်းစား မျိုးစုံ ရှိခဲ့ပေမယ့် ဘယ်သူမှ ရေရှည်မခံခဲ့ဘူး။ တစ်ယောက်ကို လ နည်းနည်းလောက်ပဲ ကျွန်တော် တွဲခဲ့တယ်။ ပြီးတာနဲ့ ကျွန်တော် စဉ်းစား လာတယ်။ ဒါ ငါ လိုချင်တာ မဟုတ်ဘူး။ ဒီမိန်းမတွေဆီမှာ ငါစောင့်ဆိုင်းနေတာ တစ်ခုမှ မရှိဘူး။ သူတို့ထဲက နှစ်ယောက်လောက်နဲ့ ကျွန်တော် အိပ်ခဲ့တယ်။ ဒါပေမဲ့ ကြီးကြီးမားမား တွယ်ငြိမှုတော့ မရှိခဲ့ပါဘူး။ ဒီအချိန်ကို ကျွန်တော့်ဘဝရဲ့ တတိယအဆင့်လို့ သတ်မှတ်ထားတယ်။ ကောလိပ် စတက်တာနဲ့ အသက် သုံးဆယ်နား ကပ်တဲ့ကြားမှာ အချိန်ဆယ့်နှစ်နှစ် ကြာခဲ့ပြီ။ စိတ်ပျက်မှုတွေ၊ အထီးကျန်မှုတွေနဲ့ နှစ်တွေပေါ့။ ပြီးတော့ တိတ်ဆိတ်မှု၊ ကျွန်တော့် ခံစားမှုတွေ ကျွန်တော့် ကိုယ်အတွင်းပိုင်းမှာ ပိတ်လှောင်ခံခဲ့ရတဲ့ အေးခဲနေတဲ့ နှစ်တွေပေါ့။

ကျွန်တော့်ကိုယ် ကျွန်တော် စွန့်ခွာလာတယ်။ ကျွန်တော် တစ်ယောက်တည်း စားတယ်။ တစ်ယောက်တည်း လမ်းလျှောက်တယ်။ တစ်ယောက်တည်း ရေကူးတယ်။ ဂီတပွဲတွေ၊ ရုပ်ရှင်ရုံတွေ တစ်ယောက်တည်း သွားတယ်။ ကျွန်တော် ရှီမာမိုတိုနဲ့ အီဇူမိအကြောင်းကို မကြာခဏ စဉ်းစားတယ်။ သူတို့ အခု ဘယ်ရောက်နေလဲ။ ဘာလုပ်နေကြလဲ။ ကျွန်တော် သိသလောက်တော့ သူတို့ အိမ်ထောင်တွေကျပြီး ကလေးတွေ ရရောပေါ့။ သူတို့နဲ့ ပြန်တွေ့ပြီး တစ်နာရီလောက် စကားပြောခွင့်ရမယ် ဆိုရင် ကျွန်တော် ဘာမဆို ပေးမိမှာပါ။ ရှီမာမိုတိုနဲ့ အီဇူမိတို့ နှစ်ယောက်နဲ့ ပတ်သက်ပြီး ကျွန်တော် အရိုးသားဆုံး ဝန်ခံရရင် ကျွန်တော့် စိတ်ထဲမှာ အီဇူမိနဲ့ အတူပြန်ရှိချင်နေမိတယ်။ ရှီမာမိုတိုနဲ့ တစ်ခါ ပြန်တွေ့ချင်တယ်။ အဲဒီလိုသာဆို ဘယ်လောက်တောင် အံ့ဩဖို့ကောင်းမလဲ။ တစ်ခုကိုမှ ကျွန်တော် တကယ်ဖြစ်အောင် မလုပ်နိုင်ခဲ့ပါဘူး။ သူတို့ နှစ်ယောက်လုံးကို ကျွန်တော် ထာဝရ ဆုံးရှုံးလိုက်ရပါပြီ။ နာရီလက်တံတွေဟာ လားရာ တစ်ခုတည်းကို သွားနေတယ်။ ကျွန်တော် တစ်ယောက်တည်း စကားတွေ ပြောလာတယ်၊ ညတွေမှာ တစ်ယောက်တည်း သောက်လာတယ်။ ကျွန်တော် ဘယ်တော့မှ အိမ်ထောင်ကျမှာ မဟုတ်ဘူး ဆိုတာ ကျွန်တော် သေချာလာတယ်။

❑

mgyoe.com

အလုပ်လုပ်ပြီး နှစ်နှစ်လောက်အကြာမှာခြေထောက်တစ်ဖက်မသန်တဲ့ကောင်မလေး တစ်ယောက်နဲ့ ကျွန်တော် တွေ့ခဲ့တယ်။ အလုပ်ထဲက တစ်ယောက်က ကျွန်တော့်ကို နှစ်တွဲ ချိန်းတွေ့ဖို့ အကြွက်ချခဲ့တယ်။

"သူ့ခြေထောက်တစ်ဖက်ကတော့ သိပ်မကောင်းဘူးနော်"

လို့ သူ တွန့်ဆုတ်ဆုတ်နဲ့ ပြောတယ်။

"ဒါပေမဲ့ သူက ချစ်ဖို့ကောင်းတယ်။ ကိုယ်ရည်ကိုယ်သွေး ကောင်းတယ်။ ခင်ဗျား ကြိုက်မယ် ဆိုတာ ကျွန်တော် သိတယ်။ သူ့ခြေထောက်နဲ့ ပတ်သက်လို့ ခင်ဗျား သတိတောင်ထားမိမှာ မဟုတ်ဘူး။ သူ့ခြေထောက်က တော်တော်လေး တရွတ်ဆွဲတယ်"

"ဟေ့လူ အဲဒါပြဿနာ မဟုတ်ပါဘူး"

လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။ အမှန်အတိုင်း ပြောရရင် သူက သာ ခြေတစ်ဖက် ဆာနေတာ မပြောခဲ့ရင် ကျွန်တော် ငြင်းခဲ့မိမှာပါ။ ကျွန်တော် နှစ်တွဲ ချိန်းတွေ့တာတွေ၊ လူချင်း မမြင်ဖူးဘဲ ချိန်းတွေ့တာတွေကို ငြီးငွေ့လှပါပြီ။ ဒါပေမဲ့ သူ့ခြေထောက်တစ်ဖက်အကြောင်း ကြားတော့ ကျွန်တော် မငြင်းနိုင်တော့ပါဘူး။

သူ့ခြေထောက်နဲ့ ပတ်သက်လို့ ခင်ဗျား သတိတောင် ထားမိမှာ မဟုတ်ဘူး။ သူ့ခြေထောက်က တော်တော်လေး တရွတ်ဆွဲတယ်။

အဲဒီကောင်မလေးက ကျွန်တော့် မိတ်ဆွေ ရည်းစား ကောင်မလေးရဲ့ သူငယ်ချင်းပါ။ သူတို့တွေ ဟိုက်စကူးကတည်းက သူငယ်ချင်းတွေ ဖြစ်ခဲ့တယ်။ သူက လှကောင်သေးပြီး နှစ်လိုဖွယ် အသွင်အပြင် ရှိတယ်။ သူ့အလှက ခပ်အုပ်အုပ် မျိုးထဲကဖြစ်ပြီး ကျွန်တော့်ကို တောနက်ထဲက တစ်ခါတလေမှ မျက်နှာပြတတ်တဲ့တိရစ္ဆာန် အကောင်ငယ်လေးတွေကိုသတိရစေတယ်၊ ကျွန်တော်တို့လေးယောက် တစ်ခုသော တနင်္ဂနွေမနက်မှာ ရုပ်ရှင်ရုံ အတူသွားကြပြီးနောက် နေ့လယ်စာ စားကြတယ်။ သူက စကားမပြောသလောက်ပဲ။ ကျွန်တော် သူ စကားပြောအောင် တတ်နိုင်သမျှကြိုးစားခဲ့ပေမယ့် ကံမကောင်း ခဲ့ပါဘူး။ သူက ပြုံးပဲ ပြုံးနေခဲ့တယ်။ နောက်တော့ ကျွန်တော်တို့ တစ်တွဲစီ သီးခြား လမ်းခွဲထွက်လာခဲ့ကြတယ်။ သူနဲ့ ကျွန်တော်ဟာ ဟီဘာယာ ပန်းခြံထဲမှာ လမ်းလျှောက်ခဲ့ကြပြီးကော်ဖီ သောက်ခဲ့ကြတယ်။ သူက ရှိမာမိုတိုလို ဘယ်ဘက် မဟုတ်ဘဲ ညာဘက်ခြေထောက်

mgyoe.com

mgyoe.com SAMPLE BOOK


ဆာနေ တာ။ သူတို့ ခြေထောက် ဆာပုံချင်းက မတူကြဘူး။ ရှီမာမိုတိုက ရှေ့ကို ခြေလှမ်း တိုးရင် ခြေထောက် တစ်ဖက်ချင်းစီ အလှည့်ကျ တိုးတတ်ပေမယ့် ဒီကောင်မလေး ကတော့ တစ်ဖက်ကို ဘေးကားပြီးမှ ရှေ့ဆက်တတ်တယ်။ ဒါပေမဲ့လည်း သူတို့ လမ်းလျှောက်ပုံက တူတော့ တူပါတယ်။

သူက လိပ်လည်ပင်းပေါက်ပုံစံ ဆွယ်တာနဲ့ ဂျင်းဘောင်းဘီ၊ ကန္တာရ စီး ဖိနပ်ကို ဝတ်လို့ ထားတယ်။ သူက မိတ်ကပ် မလိမ်းထားသလောက်ပဲ။ သူ့ ဆံပင်က မြင်းမြီးပုံ ပိုနီတေး။ သူက ကောလိပ် နောက်ဆုံးနှစ် ရောက်နေပြီလို့ ပြောပေမယ့် သူ့ပုံစံက ပိုငယ်နေသလိုပဲ။ သူဟာ စကားနည်းတဲ့ လူစားလား၊ ဒါမှမဟုတ် လူတစ်ယောက်နဲ့ ပထမဆုံးအကြိမ် တွေ့လို့ စိတ်လှုပ်ရှားနေတာ လား ဆိုတာကို ကျွန်တော် ဝေခွဲလို့ မရဘူး။ ဒါမှမဟုတ် သူ့မှာ ပြောစရာ ဘာတစ်ခု မှ မရှိတာလည်းဖြစ်နိုင်တာပဲ။ ဘာပဲဖြစ်ဖြစ် လူတစ်ယောက်ကို ပထမဆုံးအကြိမ် စကားပိုင်းနဲ့တော့ ပိုင်းခြားဆုံးဖြတ်လို့ မရပါဘူး။ ကျွန်တော် သူ့ဆီက သိလိုက် ရတာက သူဟာ ပုဂ္ဂလိကကောလိပ်မှာ ဆေးဝါးဗေဒ နောက်ဆုံးနှစ် တက်နေ တယ် ဆိုတာပါပဲ။

"ဆေးဝါးဗေဒ ဟုတ်လား၊ စိတ်ဝင်စားစရာ ကောင်းလား"

လို့ ကျွန်တော် မေးလိုက်တယ်။ ကျွန်တော်တို့ ပန်းခြံထဲက ကော်ဖီ ဆိုင်မှာ ကော်ဖီသောက်နေကြတာပါ။

သူ မျက်နှာရဲသွားတယ်။

"ဟော့- အေးဆေးပါ။ ကျောင်းသုံး စာအုပ်တွေကို တည်းဖြတ်ရတဲ့ အလုပ်က ကမ္ဘာပေါ်မှာ စိတ်လှုပ်ရှားစရာ အကောင်းဆုံး အလုပ်တော့ မဟုတ် ပါဘူး။ ကမ္ဘာကြီးထဲမှာ ပျင်းစရာတွေချည်းပါပဲ။ စိတ်မပူစမ်းပါနဲ့"

လို့ ကျွန်တော် ပြောလိုက်တယ်။

သူ ခဏ တိတ်ဆိတ်သွားတယ်။ ပြီးတော့မှ သူ့ပါးစပ် ဟလာတယ်။

"စိတ်ဝင်စားစရာတော့ သိပ်မကောင်းပါဘူး။ ဒါပေမဲ့ ကျွန်မ မိဘ တွေက ဆေးဆိုင် ဖွင့်ထားလို့ပါ"

"ဆေးဝါးဗေဒနဲ့ ပတ်သက်ပြီး ကိုယ့်ကို တစ်ခုခု သင်ပေးပါလား။ အဲဒီ အကြောင်းကို ကိုယ် ဘာမှ မသိဘူး။ ပြီးခဲ့တဲ့ ခြောက်နှစ်အတွင်း ဆေးတစ်ပြား တောင် မသောက်ခဲ့ရဘူး"

mgyoe.com

mgyoe.com

"ဒါဆို ရှင်က တော်တော် ကျန်းမာတာပဲ"

"ဘယ်တော့မှလည်း အရက်နာ မကျဘူး"

လို့ ကျွန်တော် ပြောလိုက်တယ်။

"ကိုယ် ငယ်ငယ်က အရမ်းချူချာခဲ့တယ်။ အမြဲတမ်း ဆေးတွေ သောက်နေခဲ့ရတယ်။ တစ်ဦးတည်းသော သား ဆိုတော့ မိဘတွေက အဖြစ်သည်းခဲ့ကြတယ်လေ"

သူ ခေါင်းညိတ်တယ်။ သူ့ကော်ဖီခွက်ကို သူ ခဏလောက် ကြည့်နေတယ်။ သူ စကားပြောဖို့ အချိန်တော်တော်ကြာသွားတယ်။

"ဆေးဝါးဗေဒက စိတ်လှုပ်ရှားစရာ ကောင်းတဲ့ ဘာသာရပ်တော့ မဟုတ်ပါဘူး"

လို့ သူ စ ပြောတယ်။

"ဘယ်ဆေးထဲမှာ ဘာတွေ ပါတယ် ဆိုတာကို သန်းချီပြီး မှတ်ရတဲ့ ပညာရပ်ပါပဲ။ နက္ခတ်ဗေဒလို စိတ်လှုပ်ရှားစရာ မကောင်းသလို ဆရာဝန် ဖြစ်ရတာလောက်လည်း မကောင်းပါဘူး။ ဒါပေမဲ့ ကျွန်မနဲ့ နီးစပ်တယ်၊ ကျွန်မ ခံစားလို့ ရတယ်။ မြေကြီးနဲ့ နီးတယ်လို့ ပြောလို့ ရတယ်"

"နားလည်ပြီ"

လို့ ကျွန်တော် ပြောလိုက်တယ်။ နောက်ဆုံးတော့ သူ စကားပြောနိုင်ပါတယ်။ သူ့အတွက် စကားလုံးရှာဖို့ အချိန်လိုတာပဲ ရှိပါတယ်။

"မင်းမှာ အစ်ကို၊ အစ်မတွေ ရှိလား"

လို့ ကျွန်တော် မေးလိုက်တယ်။

"အစ်ကို နှစ်ယောက် ရှိတယ်။ တစ်ယောက်က အိမ်ထောင်ကျနေပြီ"

"မင်းက မိသားစုလုပ်ငန်းကို ဆက်ဦးဆောင်ဖို့အတွက် ဆေးဝါးဗေဒကို သင်တာလား"

သူ မျက်နှာရဲသွားပြန်တယ်။ အချိန်တော်တော်ကြာ တိတ်ဆိတ်သွားပြန်တယ်။

"ကျွန်မ မသိဘူး။ ကျွန်မ အစ်ကိုတွေမှာတော့ အလုပ်တွေ ရှိတယ်။ ကျွန်မကတော့ ဒီအလုပ်ပဲ လုပ်ဖြစ်မလား မသိဘူး။ ဘာမှတော့ မဆုံးဖြတ်ရသေးပါဘူး။ ကျွန်မ မလုပ်ချင်လည်း ရတယ်လို့ အဖေကတော့ ပြောတယ်။ သူ လုပ်နိုင်သလောက် လုပ်ပြီးတော့ ဆိုင်ကို ရောင်းလိုက်လိမ့်မယ်"

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော် ခေါင်းညိတ်ပြီး သူ့ စကားဆက်မှာကို နားစွင့်နေမိတယ်။

"ကျွန်မပဲ ဆိုင်ကို ဆက်ဖွင့် ဖြစ်မယ် ထင်ပါတယ်။ ဒီခြေထောက်နဲ့ ကျွန်မ အလုပ်တစ်ခုရဖို့ မလွယ်ဘူးလေ"

ဒီလိုနဲ့ ကျွန်တော်တို့ အဲဒီနေ့လယ်ခင်းမှာ စကားပြောလိုက်၊ ရပ်လိုက်ပါပဲ။ သူ စကားပြောရင်း အချိန်အတော်ကြာ ရပ်သွားရင် သူ ပြန်ပြောမှာကို စောင့်နေရပြန်တယ်။ ကျွန်တော် သူ့ကို မေးခွန်းတစ်ခု မေးလိုက်တိုင်း သူ မျက်နှာ ရဲရဲသွားတယ်။ ကျွန်တော်တို့ရဲ့ စကားဝိုင်းကို ကျွန်တော် သဘောကျပါတယ်။ ကျွန်တော့် အတွက်တော့ အောင်မြင်မှု တစ်ခုလိုပါပဲ။ ကော်ဖီဆိုင်မှာ သူနဲ့ ထိုင်နေရင်း ကျွန်တော်နဲ့ ရင်းနှီးပြီးသား အတိတ်ကို လွမ်းဆွေးမှုဟာ ပြန်ဖြစ်လို့ လာတယ်။ သူဟာ ကျွန်တော့် ဘဝတစ်လျှောက်လုံး သိခဲ့တဲ့ လူတစ်ယောက်လို ဖြစ်လာခဲ့တယ်။

သူ ကျွန်တော့်ကို ဆွဲဆောင်နိုင်တာမျိုးတော့ မဟုတ်ပါဘူး။ သူက သဘောကောင်းတယ်။ သူနဲ့ အတူရှိနေခဲ့တဲ့ အချိန်ကို ကျွန်တော် သဘောကျတယ်။ ကျွန်တော့် မိတ်ဆွေ ပြောသလို သူက ချောပါတယ်။ နှစ်လိုဖွယ် ကောင်းတယ်။ သူ့ရဲ့ကောင်းတဲ့ အချက်တွေ ရှိပေမယ့် ကျွန်တော် သူ့ကို စိတ်ပျက်အောင် လုပ်မိမလားလို့ ကိုယ့်ကိုယ်ကိုယ် မေးမိတယ်။ ကျွန်တော့် နှလုံးသားထဲက ချက်ချင်း အဖြေထွက်လာခဲ့တယ်။ အဖြေက မလုပ်နဲ့။ ဘာမှ မလုပ်နဲ့။

ရှိမာမိုတို တစ်ယောက်ပဲ ကျွန်တော့်ကို ဒီလို လုပ်ခဲ့တာပါ။ ခုတော့ ကျွန်တော် ဒီကောင်မလေး ပြောတာကို နားထောင်ရင်း ရှိမာမိုတိုကို သတိရနေမိတယ်။ ကျွန်တော် ဒီလို မလုပ်သင့်ဘူး ဆိုတာ သိပေမယ့် လုပ်နေမိတယ်။ ရှိမာမိုတို အကြောင်း စဉ်းစားမိရုံနဲ့ ကျွန်တော် ဒီနှစ်တွေ တစ်လျှောက်လုံး တုန်ယင်နေမိခဲ့တယ်။ မသိမသာ ဖျားနာနေတဲ့ စိတ်လှုပ်ရှားမှု က ကျွန်တော့် ကိုယ်အတွင်းပိုင်းနက်နက်က တံခါးကို ဖြည်းဖြည်းလေး တွန်းဖွင့်လိုက်မိသလိုပဲ။ ဟီဘာယာ ပန်းခြံထဲမှာ ရပ်ချောချော၊ ခြေထောက်တစ်ဖက် မသန်တဲ့ ကောင်မလေးနဲ့ တွဲလျှောက်လာရတာ တစ်ကိုယ်လုံး တုန်ယင် နေတဲ့ စိတ်ခံစားမှုနဲ့ တစ်ခုခု ပျောက်ဆုံးနေသလို ခံစားရတယ်။ ဒီကောင်မလေးအတွက် ကျွန်တော် ခံစားမိတာက ကိုယ်ချင်းစာတာနဲ့ တည်ငြိမ်မှုပါပဲ။

mgyoe.com

mgyoe.com


ဆေးဆိုင်ရှိတဲ့ သူ့အိမ်က ကိုဘီနာတာ မှာပါ။ ကျွန်တော် သူ့ကို ဘတ်စ်ကားနဲ့ ပြန်လိုက်ပို့တယ်။ ကျွန်တော်တို့ ဘေးချင်းယှဉ် ထိုင်ကြတယ်။ စကားတစ်ခွန်းတောင် မပြောမိသလောက်ပဲ။

နောက်ထပ် ရက်အနည်းငယ် ကြာတော့ အလုပ်ထဲက ကျွန်တော့် မိတ်ဆွေက ကောင်မလေးကျွန်တော့်ကို သဘောကျပုံရကြောင်းလာပြောတယ်။ "ဒီတစ်ခါ ရုံးပိတ်ရက်ကျရင် ကိုယ်တို့ လေးယောက် ချိန်းတွေ့ကြရအောင်လား" လို့သူ ပြောတယ်။ ကျွန်တော် အကြောင်းပြချက်တချို့ ပေးပြီးငြင်းလိုက်ပါတယ်။ သူ့ကို ကျွန်တော် မတွေ့ချင်၊ စကားထပ် မပြောချင်လို့ မဟုတ်ပါဘူး။ အခွင့်ရရင် သူနဲ့ ကျွန်တော် စကားပြောချင်ပါသေးတယ်။ အခြေအနေ တချို့မှာ သူနဲ့ ကျွန်တော် သူငယ်ချင်းကောင်းတွေ ဖြစ်သွားနိုင်ပါတယ်။ ဒါပေမဲ့ နှစ်စုံတွဲ ချိန်းတွေ့ တာကနေ စတာ ဖြစ်နေပြီး ဒီအဓိပ္ပာယ်က အဖော်ရှာတာ ဖြစ်နေတယ်။ ကျွန်တော် သူနဲ့ ထပ်တွေ့ဖို့ ပြောရင် ကျွန်တော် တာဝန်ယူမှုတချို့ ရှိရပါလိမ့်မယ်။ နောက်ဆုံး တော့ ကျွန်တော် သူ့ကို နာကျင်စေမိလိမ့်မယ်။ ကျွန်တော် တတ်နိုင်တာက ငြင်းဖို့ပဲ ရှိပါတယ်။

ကျွန်တော် သူနဲ့ နောက် ဘယ်တော့မှ မတွေ့တော့ပါဘူး။

• • •

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၆ )

အဲဒီအတောအတွင်းမှာပဲ နောက်ထပ် ခြေတစ်ဖက် ဆာနေတဲ့ အမျိုးသမီးတစ်ယောက်နဲ့ ကျွန်တော် မတော်တဆ တွေ့ဖြစ်ခဲ့သေးတယ်။ ဘယ်လိုတွေ့တာလဲ ဆိုတာတော့ ခု ကျွန်တော် ကောင်းကောင်း နားမလည်တော့ပါဘူး။ အဲဒီတုန်းက ကျွန်တော့် အသက်က နှစ်ဆယ့်ရှစ်နှစ်။

ကျွန်တော် ရှိဘူယာမှာ၊ နှစ်ကုန်ခါနီး လူအုပ်ကြီးထဲမှာ လျှောက်သွားနေတုန်း ရှိမာမိုတို ခြေထောက် တစ်ဖက်ဆာသလို လျှောက်တာနဲ့ တစ်ပုံစံတည်းတူတဲ့ အမျိုးသမီးတစ်ယောက်ကို ကျွန်တော် တွေ့လိုက်တယ်။ သူဟာ အနီရောင်အပေါ်ကုတ်အကျႌအရှည်ကို ဝတ်လို့ ထားတယ်။ အနက်ရောင် သားရေအိတ်ကို လက်တစ်ဖက်ကြားမှာ ညှပ်လို့ ထားတယ်။ သူ့ရဲ့ ဘယ်ဘက် လက်ကောက်ဝတ်မှာ လက်ကောက်နဲ့ ပိုတူတဲ့ ငွေရောင်နာရီလေး တစ်လုံးကို ဝတ်လို့ ထားတယ်။ သူ ဝတ်ထားတာ မှန်သမျှက ဈေးကြီးတာတွေချည်းပဲ။ ကျွန်တော်က လမ်းရဲ့ တစ်ဖက်မှာ ရှိနေခဲ့တယ်။ သူ့ကို တွေ့တော့ ကျွန်တော် လမ်းဆုံမယ့်နေရာကို ပြေးလို့ သွားတယ်။ လမ်းတွေပေါ်မှာ လူတွေ များလွန်းလို့ ဒီလူတွေ ဘယ်က

mgyoe.com